ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )**

**[ ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကျန်းမာရေး။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကျန်းမာရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြစ်သာတမံအား အလျှင်အမြန်ပြီးစီးရန် ဘတ်ဂျက် အပြည့်အဝရစေရေး၊ ဂန့်ဂေါမြို့နယ်၊ တောင်ခင်ရန်းဆည်မှ ရေပေးဝေသော လက်တံမြောင်းများအား မြေသားမြောင်းမှ ကွန်ကရစ်မြောင်းများအဖြစ် ပြုပြင်ပေးရန်နှင့် ဝါးရှင်းချောင်းအား ပိတ်၍ ဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က မြစ်သာတမံအား အလျှင်အမြန်ပြီးစီးရန် ဘတ်ဂျက်အပြည့်အဝရစေရေး၊ ဂန့်ဂေါမြို့နယ်၊ တောင်ခင်ရန်းဆည်မှ ရေပေးဝေသော လက်တံမြောင်းများအား မြေသားမြောင်းမှ ကွန်ကရစ်မြောင်းများအဖြစ် ပြုပြင်ပေးရန်

နှင့် ဝါးရှင်းချောင်းအား ပိတ်၍ ဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြ မေးမြန်းလိုတဲ့ မေးခွန်းတော့ မြစ်သာတမံအား အလျင်အမြန်ပြီးစီးရန် ဘတ်ဂျက် အပြည့်အဝ ရရှိစေရေး။ ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းဆည်မှ ရေပေးဝေသော လက်တံ မြောင်းများအား မြေသားမြောင်းမှ ကွန်ကရစ်မြောင်းအဖြစ် ပြုပြင်ပေးရေးနဲ့ ဝါးရှင်းချောင်းအား ပိတ်ပြီးတော့ ဆည် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်၊ တောင်ခင်ရန်းဆည်ဟာ ၁၉၉၃ ခုနှစ်က ဇွန်လကစပြီးတော့ ခင်ရန်းချောင်းကိုပိတ်ပြီး ဆည်ဖြစ်လာတာဖြစ်ပါတယ်။ ဒီ ဂန့်ဂေါခရိုင် အတွင်းမှာ လက်ရှိအားဖြင့် တစ်ခုတည်းသော ဆည်ဖြစ်ပြီးတော့၊ ဒါ မြစ်သာတမံကလည်း မပြီးသေး ပါဘူး။ ဒီ ခင်ရန်းဆည်ဟာဆိုလို့ရှိရင် အလျားက (၆၀၀)ပေ၊ အမြင့်က (၉၀)ပေ၊ မြေသားတမံ ဖြစ်ပြီး တော့ ရေလှောင်ပမာဏဟာ (၁၁၇၁၅)ဧကပေ ရှိပါတယ်။ ကုန်ကျစရိတ်အားဖြင့် အဲဒီခေတ်က (၅၇) သန်းသာ ကုန်ကျခဲ့ပြီးတော့ အလွန်တန်တဲ့ ဆည်တစ်ခုဖြစ်ပါတယ်။ အလျားတိုတို၊ ကုန်ကျစရိတ် နည်း နည်းနဲ့ အကျိုးပြုဧက အင်မတန်များတဲ့ ဆည်ဖြစ်ပါတယ်။ လက်ရှိမှာတော့ (၃၈၆၄)ဧကသာ ရေပေး နိုင်ပြီးတော့ မူလလျာထားချက်ကနေ ကျွန်တော်တို့ လျော့နည်းပြီးတော့ ဒီနှစ်မှာတော့ (၉၃၈) ဧကပဲ တစ်ဖြည်းဖြည်းနဲ့ လျော့နည်းလာပါတယ်။ မေလနဲ့ အောက်တိုဘာလလောက်အထိအောင် ရေပေး နိုင်တဲ့ အနေအထားမျိုးပဲ ဖြစ်လာရပါတယ်။ မူလလျာထားတဲ့ ဧကကို မပြည့်မီဘဲနဲ့ လျော့ကျလာခြင်း အကြောင်းအရင်းကတော့ ကျွန်တော်တို့ အချက်(၅)ချက် ရှိပါတယ်။

အဲဒါကတော့ (က) ဆည်သက်တမ်းဟာ (၂၀)နှစ်ကြာလာပြီးတဲ့ အခါမှာ လက်တံမြောင်း (၃)မြောင်းရှိပါတယ်။ (၁၆.၁၁)မိုင်ရှိတဲ့ လက်ဝဲလက်တံမြောင်း၊ နောက်ပြီးတော့ အရှည် (၇.၅၇)မိုင်ရှိ တဲ့ လက်ယာလက်တံမြောင်း၊ အရှည် (၃.၂၉)မိုင်ရှိတဲ့ တပ်မြောင်းတို့ဟာ တိမ်ကောလာပါတယ်။ တပ်မြောင်းဆိုတာကတော့ အရင်တုန်းက တောင်ခင်ရန်းစိုက်ကွင်းကြီး န.မ.ခ က ယူထားတာရှိပါတယ်။ သူတို့ ဖော်ထုတ်ပြီးတော့၊ အခုတော့ တောင်သူတွေကိုအားလုံး ပြန်ပေးလိုက်ပြီ ဖြစ်တဲ့အတွက် ဒါဟာ လည်း တောင်သူတွေရဲ့ မြောင်းလို့ပဲ ခေါ်ရမှာ ဖြစ်ပါတယ်။ အဲဒီ အရှည်ဟာ သက်တမ်းကြာလာတာနဲ့ အမျှ ဒီမြောင်းတွေဟာ တိမ်ကောလာပါတယ်။ (၂)အချက်ကတော့ မြောင်းများဘေးနံရံတွေဟာ ပါးလွှာ ပြီးတော့ အမြင့်ကျတော့ မြင့်နေတဲ့အတွက်ကြောင့် မြေသားမြောင်း ဖြစ်တဲ့အတွက်ကြောင့် နှစ်စဉ် ရေဖွင့်လွှတ်လိုက်တဲ့အခါမှာ ပုစွန်လုံးဖောက်ထားတာတွေ၊ ငါးရှဉ့်ဖောက်တွေကတစ်ဆင့် ရေတွေဟာ ဖောက်ထွက်လာပြီးတော့ ပြိုကျပါတယ်။ ပြိုတဲ့အတွက်ကြောင့် မလိုအပ်တဲ့နေရာမှာ ရေတွေဟာ အိုင်သွားပြီးတော့ လိုအပ်တဲ့နေရာကိုတော့ ရေကမရောက်ပါဘူး။ နံပါတ်(၃)က တစ်နှစ်မှ မြောင်းမကျိုး

တဲ့ နှစ်ဆိုတာ မရှိပါဘူး။ ရွာသူ/ရွာသားတွေက အဲဒီမြောင်းကျိုးရင် လုပ်ဖို့လို့ သူတို့ နှစ်စဥ် နှစ်စဥ် လူတွေကို စုဖွဲ့ထားကြပါတယ်။ ရေမလုံလောက်ပြီးတော့ ရေလုကြရာမှာ ဒီ ဆည်ရေသောက် လယ်ပွဲ များရှိတဲ့ တောင်ခင်ရန်းရွာ၊ နှမ်းခါးရွာ၊ သာလင်းရွာ၊ မြောက်ခင်ရန်းရွာမှာ ရိုက်ပွဲတွေ၊ ရန်ပွဲတွေ၊ ရေလုတဲ့ပွဲတွေ မကြာမကြာဖြစ်ပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့ နှစ်စဥ်မြောင်းကော်မတီဆိုပြီး ရွာများမှာ ဖွဲ့စည်းထားပြီး တော့ အဲဒီ မြောင်းကော်မတီကို တစ်အိမ်ထောင်လျှင် စပါး(၂)တင်းပေးပြီးတော့ မလုံလောက်တဲ့ ရေကို ခွဲတမ်းအဖြစ်ရအောင် ဖန်တီးနေကြပါတယ်။ အဲဒီမြောင်းကော်မတီဆိုသူများကလည်း နိုင်ငံရေး အသွေးအရောင်အပေါ် မူတည်ပြီးတော့ မြောင်းရေရချင်ရင် ငွေဘယ်လောက်ပေးရမယ်။ ဒါမှမဟုတ် ငါတို့ပါတီဝင်ရင် မြောင်းရေလွှတ်ပေးမယ် စသည်ဖြင့် တစ်နွယ်ငင် တစ်စင်ပါဆိုသလို ပဋိပက္ခတွေ ဖြစ်ပေါ်နေပါတယ်။ အဲဒီလိုမျိုး အခြေအနေတွေ ရှိနေပါတယ်ဆိုပြီးတော့လည်း ကျွန်တော်ကွင်းဆင်း တဲ့အခါမှာ ဒေသခံပြည်သူတွေက တင်ပြကြပါတယ်။ ဒီပြဿနာတွေ ဖြေရှင်းနိုင်ဖို့အတွက် လက်ဝဲ မြောင်း(၁၆.၁၁)မိုင်၊ လက်ယာမြောင်း(၇.၅၇)မိုင်နဲ့ တပ်မြောင်းလို့ခေါ်တဲ့ (၃.၂၉)မိုင်တို့ကို ကွန်ကရစ် မြောင်းတွေအဖြစ် အုတ်စီပြီးတော့ အခိုင်အမာဆောင်ရွက်လိုက်မယ်ဆိုရင် ဝန်ကြီးဌာနရဲ့ လျာထား ချက်အတိုင်းရေမြောင်းအဆုံးအထိ ဒါရေကို ပို့လွှတ်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

အဲဒါကြောင့် ရေလုပွဲတွေ၊ ရိုက်ပွဲတွေ ဟုတ်လား ပါတီဝင်စည်းရုံးပွဲတွေလည်း မဖြစ်တော့ ဘဲနဲ့ ဆည်ရေသောက်လယ်များအဖြစ် အမှန်တကယ်ဝန်ကြီးဌာနရဲ့ လျာထားတဲ့အတိုင်း တောင်သူတွေ ရဲ့ လယ်ပွဲထဲကို ရေရောက်သွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မြစ်သာတမံကိစ္စဟာ ဆိုလို့ရှိရင် ကျွန်တော် ဒီ မေးခွန်းတစ်ခု တည်းနဲ့ သုံးခုထည့်ထားတာ ကျွန်တော်မေးချင်တာကများတော့ နည်းနည်းလေး သုံးခုစုပြီးတော့ ထည့်ထားခြင်း ဖြစ်ပါတယ်ခင်ဗျား။ မြစ်သာတမံကတော့ ကျွန်တော်တို့ (၁၀)နှစ်ကျော် တည်ဆောက်လာ တော့လည်းပဲ မနှစ်ကကျတဲ့ ဘတ်ဂျက်က အကြွေးကျေရုံလောက်ပဲ ရတယ်လို့ ကျွန်တော့်ကို အဲဒီကတမံက မိတ်ဆွေ တွေကပြောပါတယ်။ အဲဒီတော့ ဒါကြီးဟာ အီးရောအီးရောလုပ်နေလို့ ဒီလောက်အထိ ကြာနေတယ် ဆိုရင် ကျွန်တော်တို့ကလည်း ဒါ အဓိကကတော့ လျှပ်စစ်ကတော့ ဂန့်ဂေါကတော့ ရနေပြီ။ ထီးလင်းနဲ့ ဆောနဲ့ ကျောက်ထုနဲ့လည်း ကျွန်တော်တို့က လျှပ်စစ်မီး မဟာဓာတ်အားလိုင်းစနစ် ရရှိဖို့ လိုနေတယ်။ လိုနေ တဲ့အခါမှာ ကျွန်တော်တို့က အင်အားတောင့်တဲ့ လျှပ်စစ်မီး ရရှိရအောင်လို့ ကျွန်တော်တို့ ဒီ မြစ်သာ တမံရဲ့ Hydro power project ကိုလည်း ကျွန်တော်တို့ မြန်မြန်ပြီးဆုံး စေချင်တယ်။ ပြီးရင် အဲဒီရဲ့ (Canal) တွေက ကျွန်တော်တို့ဆီက ဟုတ်လား၊ အခုခေတ်က မိုးရေကို အားကိုးနေလို့ကတော့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့က Without illegation we can't call farm လို့ ပြောသလိုပေါ့၊ ဒီ မြောင်း သွယ်မထားတဲ့ လယ်ယာမြေတစ်ခုဟာ လယ်ယာမြေလို့ မခေါ်နိုင်ဘူးလို့ ဆိုရိုးစကားရှိသလိုပဲ ကျွန်တော်တို့က ဒီ ကျွန်တော်တို့ရဲ့ လယ်ပွဲတွေကို ရေသွင်းနိုင်ဖို့က ဒီ မြစ်သာ တမံကြီး အမြန်ဆုံး ပြီးဆုံးသွားဖို့ ကျွန်တော်လိုချင်နေပါတယ်။

ဒါကြောင့်မို့လို့ အဲဒီမှာချပေးတဲ့ မနှစ်ကကျတဲ့ဘတ်ဂျက်ဟာ ဒါ အကြွေးကျေရုံလောက်ပဲရှိ တော့ လုပ်ငန်းဟာ ရပ်တန့်နေပါတယ်။ Run တယ်ဆိုရုံသဘောမျိုးပဲ ဖြစ်နေတဲ့အခါကျတော့ ဒီ ရုံးတက်၊ ရုံးဆင်းသဘောလောက်ပဲ ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါကြီးကို Heavy

လုပ်ဖို့ရာ အဓိကကတော့ ရန်ပုံငွေ ဖြစ်ပါတယ်။ ဒီ ရန်ပုံငွေကို ထိရောက်စွာချပေးဖို့ နောက်နှစ်ပေါင်း ဆယ်ချီပြီးတော့ ကြာလာတဲ့အခါမှာ ဒါ အီးရောအီးရော ဖြစ်လာတဲ့ အနေအထား ဖြစ်တဲ့အတွက် ကြောင့် ဒါ အကြိမ်ကြိမ်လည်း ကျွန်တော်တင်ပြပြီးပါပြီ၊ အဲဒါကြောင့် ကျွန်တော်ထပ်မံပြီး တင်ပြရတာ ဖြစ်ပါတယ်။

နောက်တစ်ခုရှိတာကတော့ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ်၊ ဘော်ပျင်းရွာအနီးမှာ ဝါးရှင်း ချောင်းဆိုတာရှိပါတယ်။ အဲဒီချောင်းကို ပိတ်လိုက်မယ်ဆိုရင် တောင်ခင်ရန်းဆည်လိုပဲ အဖိုးနည်းဝန်ပါ ဘတ်ဂျက် နည်းနည်းလေးနဲ့ တမံပိတ်လိုက်တာနဲ့ ကျွန်တော်တို့ လယ်ပွဲဧက (၅၀၀၀)ကျော်ဟာ ယာကနေ လယ်အဖြစ် သုံးသီးစား ရေသေချာတဲ့ လယ်တွေဖြစ်သွားမယ်လို့ ကျွန်တော်တို့ ကွင်းဆင်းလေ့လာတဲ့ အခါမှာ ကိုယ်တိုင်လည်း တွေ့ရှိတယ်။ နောက်တစ်ခါမှာ ရွာသူ/ရွာသားတွေက လည်း ကျွန်တော့်ကို တင်ပြကြပါတယ်ခင်ဗျား။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့က လည်း တင်ပြကြပါတယ်။

ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအတွက်ကော၊ နိုင်ငံတော်အတွက်ပါ အလွန်တွက်ခြေကိုက်တဲ့ ဆည်တစ်ခုတိုးလာမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းများ အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးထားတဲ့မေးခွန်းနဲ့ ပတ်သက် ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကိုယ်စား ကျွန်တော်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး အမှတ်(၁၂)လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာ ကျွန်တော် တို့ ဆည်(၃)ခုနဲ့ပတ်သက်ပြီးတော့ မေးမြန်းထားတာဖြစ်ပါတယ်။ ပထမဆုံးတောင်ခင်ရန်း ရေလှောင် တမံနဲ့ ပတ်သက်ပြီးတော့ တင်ပြပါ့မယ်။ တောင်ခင်ရန်း ရေလှောင်တမံကတော့ ကျွန်တော်တို့ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာ၊ တောင်ခင်ရန်းချောင်းပေါ်တွင် တည်ရှိ ပြီးတော့ ၁၉၉၃-၁၉၉၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ အကျိုးပြုဧရိယာအနေနဲ့က (၅၇၃၀) ဧကရှိပြီးတော့၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ကျွန်တော်တို့ မိုးစပါး (၃၈၃၉)ဧကနဲ့ နွေစပါး (၁၂၀၀) ဧက၊ ၂၀၁၂-၂၀၁၃ မှာတော့ ကျွန်တော်တို့ မိုးစပါး(၃၈၃၉)ဧကနဲ့ နွေစပါး(၂၃၅)ဧက၊ ၂၀၁၃-၂၀၁၄

ခုနှစ်မှာ မိုးစပါး(၃၈၆၄)ဧကနဲ့ နွေစပါး (၇၀၀)ဧကကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ခဲ့ ပါတယ်။ တောင်ခင်ရန်းရေလှောင်တမံရဲ့ မြောင်းမကြီးနဲ့ လက်တံမြောင်းများဟာ မြေသားမြောင်းများ ဖြစ်ပြီးတော့ မိုးရာသီ မိုးသည်းထန်စွာ ရွာသွန်းချိန်မှာ မြောင်းအတွင်းရေလျှံမှုကြောင့် မြောင်းဖျားပိုင်းမှာ ရံဖန်ရံခါ ကျိုးပေါက်တတ်သော်လည်း အချိန်မီပြုပြင်ခြင်း ဆောင်ရွက်နိုင်သဖြင့် ရေပေးဝေခြင်းအား ထိခိုက်မှု မရှိခဲ့ပါဘူး။ တောင်ခင်ရန်းရွာ၊ နှမ်းခါးရွာ၊ သာလင်းရွာများနဲ့ မြောက်ခင်ရန်းရွာများသို့ လယ်မြေများ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရန် ရေလှည့်စနစ်နဲ့ စနစ်တကျ ပေးဝေလျက်ရှိကြောင်း တင်ပြလိုပါတယ်။

တောင်ခင်ရန်းရေလှောင်တံမံရဲ့ မြောင်းမကြီးနဲ့ လက်တံမြောင်း ပုံစံကျပြုပြင်ခြင်း လုပ်ငန်းများကို ဌာနရဲ့နှစ်စဉ်ရရှိတဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်လျက်ရှိပြီး၊ မြေသားမြောင်းမှ အုတ်လိုင်နင်မြောင်းအဖြစ် ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာ ရေးနှစ်မှာ မြေသားမြောင်းကနေပြီးတော့ အုတ်လိုင်နင်မြောင်းအဖြစ် ဆောင်ရွက်မယ့် လုပ်ငန်း (၆)ခု အတွက် လိုအပ်တဲ့ ရန်ပုံငွေကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုပ်ငန်းဦးစားပေး အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြု၍ လွှတ်တော်သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး လွှတ်တော် မှ ရန်ပုံငွေခွင့်ပြုပေးသည်နှင့်အမျှ လုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ဘော်ပျင်းကျေးရွာ အရှေ့တောင်ဘက် (၂)မိုင်ခန့်အကွာရှိ ဝါးရှင်းချောင်းပေါ်တွင် တည်ဆောက်ရန် လျာထားတဲ့ ဝါးရှင်းဆည်နေရာသို့ အကြိုစူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ရာမှာ ဆည်တည်ဆောက်မယ့် နေရာဟာ ရေဝပ်ဧရိယာမရှိတဲ့အတွက်ကြောင့် ရေလွှဲဆည်သာ တည်ဆောက်သင့်ကြောင်း ပဏာမစိစစ်ရရှိပါတယ်။

သို့ပါ၍ ရေလွှဲဆည်တည်ဆောက်နိုင်ရန်အတွက် ကျွမ်းကျင်မှုဆိုင်ရာ စူးစမ်းလေ့လာမှု၊ တိုင်းတာမှုများကို ဆောင်ရွက်ရန် လိုအပ်ပြီးရရှိတဲ့ အချက်အလက်များအရ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ။ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ/မရှိကို လေ့လာဆန်းစစ်သွားရမှာ ဖြစ်ပါတယ်။ ဖြစ်မြောက်နိုင်စွမ်းရှိပါက ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်းများရေးဆွဲခြင်းများ ဆောင်ရွက်ပြီးနောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုပ်ငန်းဦးစားပေး အစီအစဉ်အရ ရန်ပုံငွေရရှိသည်နှင့်အမျှ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂ -၂၀၀၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေး နှစ်အထိ စီမံကိန်းတစ်ခုလုံးရဲ့ (၆၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ငန်းဦးစားပေး အလိုက် တင်ပြ အတည်ပြု၍ လွှတ်တော်သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး လွှတ်တော်မှ ရန်ပုံငွေခွင့်ပြုပေးသည်နှင့်အမျှ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေ ပြည့်စုံလုံလောက်စွာရရှိပါက တမံနှင့် ဆက်စပ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင်လည်းကောင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။

**နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတွင် လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ ဆင်းရဲသားအလွှာအတွက် သီးသန့်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း က နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတွင် လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ ဆင်းရဲသားအလွှာအတွက် သီးသန့်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကိစ္စကို အစီအမံ များချမှတ်၍ ဆောင်ရွက်လျက်ရှိရာတွင် လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ ဆင်းရဲသား အရေအတွက် လျှော့ချရေးနှင့် စပ်လျဉ်း၍ သိရှိလိုခြင်း မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မှ ဒီမေးခွန်းကိုမေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်းမှာ တစ်ချို့အနည်းငယ်သော လူများဟာ နေအိမ်ရှိပေမယ့် လယ်မဲ့၊ ယာမဲ့၊ အလုပ်လက်မဲ့ရှိသူများ ရှိပါတယ်။ ထို့အပြင် အချို့ကလည်း အိမ်မဲ့၊ လယ်မဲ့၊ ယာမဲ့၊ အလုပ်လက်မဲ့သူများ အချို့ကတော့ မှီခိုသူကင်းမဲ့တဲ့သူများစသည့် အထူးဆင်းရဲနွမ်းပါးသူများမှာ မြို့ကြီး၊ မြို့ငယ်များတွင်တောင်မက ကျေးလက်များတွင်လည်း ရှိနေပါတယ်။ တင်ပြပါ အထူးဆင်းရဲနွမ်းပါးသူ လူတန်းစား အလွှာအတွက် စေတနာဖြင့် ရိုးသားစွာ မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းကို အစီအမံများချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ်၊ အခြေခံမူဘောင် မဟာဗျူဟာ(၆)ရပ်အပေါ် အလေးထားဆောင်ရွက်နေသည်ကို အားလုံးသိကြပါတယ်။ ထိုသို့ ဆောင်ရွက်သည့် နေရာမှာ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုသည့် လုပ်ငန်း(၂)မျိုးပါဝင်ပါတယ်။ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေး လုပ်ငန်းကြီးကတော့ နိုင်ငံတော်မှာရှိတဲ့ ဒေသအားလုံးနဲ့ သက်ဆိုင်ပြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ကျေးလက်နှင့်သာ သက်ဆိုင်နေပါတယ်။ နိုင်ငံတော်မှ နိုင်ငံရှိ ရပ်ကွက်၊ ကျေးရွာ အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို (၂၆)ရာခိုင်နှုန်းမှ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကုန်ဆုံးသည့်အချိန် ၂၀၁၅ ခုနှစ်တွင် (၁၅)ရာခိုင်နှုန်းသို့ ကျဆင်းလာအောင် ရည်မှန်းချက်ချမှတ်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မဟာဗျူဟာ၊ နည်း

ဗျူဟာများချမှတ်လျက် ဆောင်ရွက်နေသည်ကို သိရှိရတဲ့အတွက် နိုင်ငံတော်အစိုးရအား အထူး ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း တင်ပြအပ်ပါတယ်။

တင်ပြပါလုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ အခြေခံမူဘောင်၊ မဟာဗျူဟာ(၆)ရပ်အနက် အဆိုပါ လူတန်းစားအလွှာနှင့် အသင့်လျော်ဆုံး ထင်မြင်ရသော (Increasing Working Capital) ခေါ်တဲ့ ဆင်းရဲနွမ်းပါးသူတစ်ဦးချင်း၏ မတည်လုပ်ငန်းအရင်းအနှီးများ တိုးမြှင့်ရရှိအောင် ဆောင်ရွက် ခြင်းဆိုတဲ့ လုပ်ငန်းကြီးမှာ နည်းဗျူဟာအရ (Conditional Cash Transfer)ခေါ်တဲ့ အခြေအနေအရ တိုက်ရိုက်ငွေ ပံ့ပိုးပေးခြင်းနှင့် (Micro Credit) ခေါ်တဲ့ အသေးစားငွေကြေးပံ့ပိုးခြင်းဆိုတဲ့ လုပ်ငန်းများပါဝင်နေတာကို တွေ့ရှိရပါတယ်။ ဖော်ပြတဲ့ အခြေအနေအရ တိုက်ရိုက်ငွေပံ့ပိုးခြင်းနဲ့ အသေးစားငွေပံ့ပိုးခြင်းလုပ်ငန်းကိုတော့ ငွေကြေးလည်ပတ်မှုနဲ့ဆိုင်ပြီး အရေးကြီးတဲ့လုပ်ငန်း ဖြစ်တဲ့ အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေက လယ်သမားတွေကိုသာ၊ အသေးစားအိမ်တွင်း လုပ်ငန်းရှင် တွေကိုသာ၊ လုပ်ငန်းအတတ်ပညာကျွမ်းကျင်သူများကိုသာ ခွင့်ပြုနိုင်ကြမည် ဖြစ်ပါတယ်။ လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့ မှီခိုသူများကိုတော့ (Micro Credit) ခေါ်တဲ့ အသေးစားပံ့ပိုးငွေ ပံ့ပိုးခြင်း လုပ်ငန်း ကိုတောင် လုပ်ငန်းအခြေခံမရှိတဲ့အတွက် ပေးချေးရဲကြမည်မဟုတ်ကြောင်းနှင့် ပေးချေးပေးရန်လည်း ခက်ခဲမည်ဖြစ်ကြောင်း ထင်မြင်မိပါတယ်။

ဒီအခြေအနေကတော့ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ ထင်မြင်ခြင်း ဖြစ်ပါတယ်။ ဖော်ပြပါ ဆင်းရဲသားများကိုယ်တိုင်ကလည်း သူတို့မှာ အခြေခံလုပ်ငန်း မရှိတဲ့အတွက် ငွေးချေးရဲကြမည် မဟုတ် ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ထို့အတွက် နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်မှာ လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ ဆင်းရဲသားအလွှာမှာ ပါဝင်နိုင်မှု မရှိဘဲ ကျန်ရှိနေမည်ဖြစ်ကြောင်း သုံးသပ်မိပါတယ်။ တင်ပြပါ ဆင်းရဲနွမ်းပါးမှု အလွှာမှာရှိကြတဲ့ ဆင်းရဲသားများဟာ တစ်နေ့ ကျပန်းအလုပ် လုပ်မှ တစ်နေ့အတွက် ရရှိတဲ့ချွေးနည်းစာကို ခြိုးခြံချွေတာပြီး စားသောက်ကာ ဘဝအတွက်ရှင်သန်နေရသူများ ဖြစ်ပါတယ်။ အဲဒီလိုကျပန်းလုပ်ငန်းကို ရိုးသားစွာလုပ်ကိုင်ပြီး စားသောက်၍ အဆင်မပြေသည့် နေ့ရက်များတွင် မိသားစုစားဝတ်နေရေးအတွက် ငွေရှာသည့်ကိစ္စကို သမာအာဇီဝ မဟုတ်ဘဲ ဥပဒေကို ချိုးဖောက်ကာ လုပ်ကိုင်လာကြမှာ ဖြစ်ပါတယ်။ အခုအချိန် ခိုးဆိုးလုယက်သည့် ကိစ္စတွေမှာ တင်ပြပါ ဆင်းရဲနွမ်းပါးသော အလွှာမှ အများအားဖြင့် ပါဝင်လာ ကြသည်ကို တွေ့ရှိရမည် ဖြစ်ပါတယ်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းမှာ တင်ပြပါ လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ တဲ့ ဆင်းရဲသားအလွှာအတွက် သီးသန့်အစီအစဉ်တစ်ခု ပြုလုပ်သင့်ကြောင်း ထင်မြင်မိပါတယ်ခင်ဗျား။ ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းလိုတာကတော့ (က) နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းတွင် လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ဆင်းရဲ သားအလွှာအတွက် သီးသန့်အစီအမံများ ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိပါသလား။ (ခ) အစီအစဉ်ရှိပါက ဘယ်အချိန်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များနဲ့ ကြွရောက်လာသူ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်းနဲ့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်အေးထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော်မှ ပြန်လည် ဖြေကြားပေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ဖော်ထုတ်ချမှတ်ပြီးတော့ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး ပြည်နယ်လုပ်ငန်းကော်မတီများ၊ အထောက်အကူပြုကော်မတီများ ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ဖွဲ့စည်းပြီးတော့ ဆင်းရဲနွမ်းပါးမှုကို (၂၆)ရာခိုင်နှုန်းမှ (၁၆)ရာခိုင်နှုန်းသို့ လျှော့ချရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနဖြစ်တဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် အခြေခံအဆောက်အအုံများဖြစ်တဲ့ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ၊ ကျေးလက်စံပြအိမ်ရာ တည်ဆောက်ခြင်းနဲ့ ယင်လုံအိမ်သာများ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်ပေးတဲ့အခါမှာ ကျေးလက်လမ်းတံတား လုပ်ငန်းများအနေဖြင့် ၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ ထိ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း မိုင်ပေါင်း ကျေးလက် လမ်းပေါင်း (၄၆၁၂/၃မိုင်) တံတားအရှည်ပေါင်း (၇၀၉၉၂)ပေ ငွေတန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း (၁၄၇၉၆၇) (၁၄၇.၉၆၇) ဘီလီယံကို သုံးစွဲခဲ့ပါတယ်။ ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လမ်းမိုင်အရှည်ပေါင်းဟာ (၄၅၆၅/၂မိုင်) တံတားအရှည်က (၇၉၅၂၂)ပေ၊ ငွေလျာထားချက် ကတော့ ဒီနှစ်မှာ သုံးတဲ့ငွေက ကျပ်သန်းပေါင်း (၂၀၁၅၈၅)၊ (၂၀၁.၅၈၅) ဘီလီယံကျပ် ယခုနှစ်မှာ သုံးစွဲထားပါတယ်။ ယခင် (၃)နှစ်တာ ကာလထက်ကိုပိုပြီးတော့ သုံးစွဲထားတာ ဖြစ်ပါတယ်။ ဒီ ၂၀၁၅-၂၀၁၆ မှာလည်း လာမယ့်နှစ်မှာလည်း ကျေးလက်လမ်း စုစုပေါင်း (၂၀၅၂/၆မိုင်) တံတား(၄၀၈၂၄)ပေကို ကုန်ကျငွေ (၇၈)ဘီလီယံနဲ့ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ဆောင်ရွက်ရန် လျာထား ပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ထိ (၅)နှစ် စီမံကိန်း

လျာထားချက်အပေါ်မှာ ယခုနှစ် ၂၀၁၄- ၂၀၁၅ ထိ ဘဏ္ဍာရေးနှစ်ထိ (၉၅)ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ယခု ဘဏ္ဍာရေးနှစ်မှာ ကျေးလက် လမ်းတံတားများဟာ ယခင်ထက် (၃၆)ရာခိုင်နှုန်း ပိုမိုတိုးတက် လျာထားနိုင်ခဲ့ပါတယ်။

လာမယ့်နှစ် ၂၀၁၅-၂၀၁၆ အတွက်လည်း လုပ်ငန်းများနဲ့ စပ်လျဉ်းပြီးတော့ (၅)နှစ် စီမံကိန်းပါ လျာထားချက်များကို အခြေခံပြီးတော့ နိုင်ငံတော်အကြီးအကဲများ လွှတ်တော်ဥက္ကဋ္ဌကြီး များနဲ့ တာဝန်ရှိသူပုဂ္ဂိုလ်များ ဒေသဖွံ့ဖြိုးရေး ခရီးစဉ်များ ပြည်သူလူထုမှ တင်ပြသည့် လုပ်ငန်းများ လွှတ်တော် ကတိကဝတ်ဆိုင်ရာ လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများကို မူဝါဒများနှင့်အညီ လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးလက်ရေပေးလုပ်ငန်းအနေနဲ့ တင်ပြရလို့ရှိရင် ကျေးရွာပေါင်း (၆၄၉၁၇)ရွာ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ရှိပါတယ်။ အဲဒီမှာ ၂၀၁၀-၂၀၁၁ ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ထိ ကျေးရွာပေါင်း (၃၅၈၆၆)ရွာ ရေရရှိပြီး ဖြစ်ပါတယ်။ ကျန်တာကတော့ (၂၉၀၅၁)ရွာ ကျန်ရှိပါတယ်။ ဒါကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း (၃၁၉၇)ရွာ ရေရရှိရေး လုပ်ငန်းများကို ကျပ်ငွေပေါင်း သန်း (၃၉၀၀၆.၁၁)၊ ဘီလီယံနဲ့ပြောရင်တော့ ကျပ် (၃၉.၀၆) ဘီလီယံ ကျွန်တော်တို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ လာမယ့်နှစ်မှာ ရေလုပ်ငန်းပေါင်း (၁)သောင်း လျာထားပြီးတော့ ကျေးရွာအလိုက် ကွင်းဆင်းစစ်ဆေးပြီးတော့ ၂၀၁၅-၂၀၁၆ လာမယ့်နှစ်မှာ Plan and Budget ပေါ့ ဘဏ္ဍာနှစ် အလိုက် စီမံကိန်းနဲ့ ဘတ်ဂျက်ရေးဆွဲခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာများနဲ့ ညှိနှိုင်းပြီးတော့ လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ကျေးလက်မီးလင်းရေးနဲ့ ပတ်သက်ပြီးတော့ ကျေးရွာပေါင်း(၆၄၉၁၇)ရွာရှိတဲ့အနက်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မီးလင်းပြီးတဲ့ရွာ (၂၃၀၃၄)ရွာ ရှိပါတယ်။ ကျန်တဲ့ရွာ (၄၁၈၈၃)ရွာ ကျန်ပါသေးတယ်။ အဲဒီဟာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရ အဖွဲ့များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မီးမရရှိသေးတဲ့ ရွာ (၄၁၈၈၃)ရွာကို ဆက်လက် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီနေ့ လျာထားတာ (၃၇.၂၉၉)ကျပ် ဘီလီယံ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ၂၀၁၅-၂၀၁၆ လုပ်ငန်းပေါင်း (၁၀၀၀၀) ကျွန်တော်တို့ ခုန အစောက တင်ပြသွားတဲ့ ရေရရှိရေးအတွက်ကို လုပ်ငန်း (၁၀၀၀၀) နဲ့ မီးရရှိရေး လုပ်ငန်း (၁၀၀၀၀)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားဖို့ စီမံကိန်း လျာထား ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ကျေးလက်အိမ်ရာများ တည်ဆောက်ရေးလုပ်ငန်း မှာလည်း ဝင်ငွေ နည်းပါးပြီးတော့ လုံခြုံမှု မရှိတဲ့ အိမ်ထောင်စုများကို သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်များမှာ အိမ်ရာပေါင်း (၁၅၅၄)လုံး ကျပ်ငွေအားဖြင့် (၁.၈၂၈)ဘီလီယံကျပ် ၂၀၁၄-၂၀၁၅မှာ အိမ်ရာပေါင်း (၁၄၁၃)လုံး ကျပ်ငွေအားဖြင့် (၄.၄)ဘီလီယံကျပ် လျာထားဆောင်ရွက်လျက် ရှိပါတယ်။ ဒီအပြင်လည်း အကြိမ်ကြိမ် ညှိနှိုင်းရေးဆွဲထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာကချင်ပြည်နယ်မှာ (၄၂)ရွာ၊ ကယားပြည်နယ်မှာ (၁၁)ရွာ ကရင်ပြည်နယ်မှာ (၃၆)ရွာ၊ ချင်းပြည်နယ်မှာ (၂၄)ရွာ ၊ စစ်ကိုင်းတိုင်း ဒေသကြီးမှာ (၁၀၁)ရွာ ၊ တနင်္သာရီတိုင်းဒေသကြီးမှာ (၂၁)ရွာ၊ ပဲခူးတိုင်းဒေသကြီးမှာ (၁၁၆)ရွာ၊ မကွေးတိုင်းဒေသကြီးမှာ

(၈၃)ရွာ၊ မန္တလေးတိုင်းဒေသကြီးမှာ (၈၃)ရွာ၊ မွန်ပြည်နယ်မှာ (၂၁)ရွာ၊ ရခိုင်ပြည်နယ်မှာ (၆၃)ရွာ၊ ရန်ကုန်တိုင်းဒေသကြီးမှာ (၄၂)ရွာ၊ ရှမ်းပြည်နယ်မှာ (၂၆၀)ရွာ၊ ဧရာဝတီတိုင်း ဒေသကြီးမှာ (၂၀၉)ရွာ၊ ပြည်ထောင်စုနယ်မြေမှာ (၁၃)ရွာနဲ့ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ (၅)ရွာ၊ ပလောင်ကိုယ်ပိုင်ချုပ်ခွင့်ရဒေသမှာ (၅)ရွာ၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၅)ရွာ၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၅)ရွာ၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၅)ရွာ၊ စုစုပေါင်း (၁၁၀၅)ရွာ အရင်းမပျောက် မတည်ငွေကို ကျပ်သိန်း (၃၀၀) စီကို ကျေးရွာပေါင်း (၁၁၀၅)ရွာ အတွက် ငွေကျပ် (၃၄.၅)ဘီလီယံကျပ် ကုန်ကျခံပြီးတော့ နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲပြီးတော့ စီမံကိန်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ရှိတဲ့ကျေးရွာများကိုလည်း စီမံကိန်းများ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းထားတဲ့ နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှု လျော့ချရေးကိစ္စကို အစီအမံများ ချပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုမဲ့ ဆင်းရဲသားအရေအတွက် လျော့နည်းရေးနဲ့ စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ် အစိုးရအနေနဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကုန်းမြင့် လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကို သိန်းနီမြို့နယ်၊ မုံးထမြို့နယ်၊ တောင်ကြီးမြို့နယ်မှာ ဧကပေါင်း (၂၆၆.၆၈)ဧက ဖော်ထုတ်ခဲ့ပြီးတော့ လယ်မဲ့၊ ယာမဲ့ လက်လုပ်လက်စား တောင်သူ (၉၃)ဦးကိုလည်းကောင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကွတ်ခိုင်မြို့နယ်၊ ကျိုင်းတုံမြို့နယ် ဟိုပုံးမြို့နယ်မှာ ဧရိယာဧက (၃၀၀)ဖော်ထုတ်ပြီးတော့ တောင်သူ (၁၁၉)ဦးကိုလည်းကောင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကွတ်ခိုင်မြို့နယ်၊ကွမ်းလုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်းတယမြို့နယ်တွေမှာ ဧရိယာ ဧကပေါင်း (၆၀၀)ဧက ဖော်ထုတ်ပေးခဲ့ပြီးတော့ လယ်မဲ့၊ ယာမဲ့ လက်လုပ်လက်စား တောင်သူပေါင်း (၃၇၃)ဦးအား စနစ်တကျ ခွဲဝေပြီးတော့ စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့စာရင်းများအား ပြုစုလျက်ရှိပြီး ရရှိသည့် အချက်အလက်များပေါ် မူတည်၍ သင့်တော်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသီးသီးဖြေကြား လာပါတယ်။ အလားတူ လယ်မဲ့၊ ယာမဲ့၊ မှီခိုသူမဲ့များအားအခြေတကျ နေထိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ/ ပြည်နယ်အစိုးရ အဖွဲ့များ အလိုက် မြို့ပြစီမံကိန်းဖြစ်တဲ့ Town Plan၊ Village Plan များ ရေးဆွဲပြီး အိမ်ယာမြေများ တိုးချဲ့ပြီးတော့ အိမ်ထောင်ခွဲများ၊ အိမ်ယာမဲ့များအား ဦးစားပေး နေရာချထားနိုင်ရန် သက်ဆိုင်ရာ ဌာနများမှလည်း အသုံးမပြုသည့်မြေများ ပြန်လည်စွန့်လွှတ်ပေးနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်းအစိုးရအဖွဲ့များအနေဖြင့် အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိတဲ့ ကျေးလက်လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ၊ ကျေးလက် မီးလင်းရေး လုပ်ငန်းများ နှင့် ကျေးလက်အိမ်ရာ တည်ဆောက်ရေး လုပ်ငန်းများအပြင် အသက်မွေး ဝမ်းကျောင်းမှု သင်တန်းများကို ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု အနေဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာခြင်း၊ အခြေခံစားဝတ်နေရေးကိစ္စရပ်များ အဆင်ပြေချောမွေ့

ခြင်းဖြင့်ပြီးတော့ ကျန်းမာရေး၊ ပညာရေး အခြေခံအသိပညာ ဖြစ်ထွန်းလျက် ဆင်းရဲနွမ်းပါးမှု လျော့ကျကာ လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုမဲ့များ ဆင်းရဲသားအရေအတွက် လျှော့ချရေးကို အထောက်အကူပြုနိုင်လိမ့်မည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး အောင်ကျော်ဇော ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ယနေ့အစည်းအဝေးသို့ ကြွရောက်လာပါသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီး၊ ကော်မရှင် အဖွဲ့ဝင် လူကြီးမင်းများနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၂၉၆၁၅ ဗိုလ်မှူး အောင်ကျော်ဇော ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ အသစ်ရေးဆွဲပြုစုတင်ပြတဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း နှင့် စပ်လျဉ်းပြီး ပြင်ဆင်ဖြည့်စွက်လိုတဲ့ အချက်များကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြချက်များကို Power Point Presentation နဲ့ ရှင်းလင်းတင်ပြခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း (၁) ပုဒ်မ ၂(ဆ)ကို မူလ အချိုးသင့် ပိုင်ဆိုင်မှုဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံရှိ အိမ်ခန်း အသီးသီးအတွက် လွှဲပြောင်းသည့် တန်ဖိုးအလိုက်၄ာလည်းကောင်း စုပေါင်းပိုင်အဆောက်အဦကို စီမံခန့်ခွဲရေးနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက် လည်းကောင်း သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အဦ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက် ဖြင့် တည်ထောင်သူနှင့် အကျိုးသက်ဆိုင်သူများ ညှိနှိုင်းသတ်မှတ်ထားသည့် အချိုးသင့် ပိုင်ဆိုင်မှု တန်ဖိုးကို ဆိုသည်လို့ ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းကတော့ စုပေါင်းပိုင် အဆောက်အအုံ စတင်ဆောက်လုပ်ချိန်မှာ တည်ထောင်သူနဲ့ မြေကွက်ပိုင်ဆိုင်သူများ မ တည်ငွေရင်း ထည့်ဝင်သူများ စသဖြင့် အကျိုးသက်ဆိုင်သူများ ညှိနှိုင်း၍ မူလအချိုးသင့်ပိုင်ဆိုင်မှု တန်ဖိုးကို ဦးစွာသတ်မှတ်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန်အတွက် ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း (၃) ပုဒ်မ ၅ (ဂ)နဲ့ (ဃ)ကြားမှာ ပုဒ်မ ၅ (ဃ)အဖြစ် စုပေါင်းပိုင် အဆောက်အအုံများ ဆောက်လုပ်ရာတွင်

သတ်မှတ်ဒီဇိုင်းပုံစံ စံချိန်စံညွှန်းနဲ့အညီ ဆောက်လုပ်မှု ရှိ/ မရှိ စစ်ဆေးကြပ်မတ်ခြင်း သို့မဟုတ် အတိုင်ပင်ခံ အရည်အသွေး စစ်ဆေးကြပ်မတ်ရေး အဖွဲ့များ ငှားရမ်းကြီးကြပ်၍ ဆောက်လုပ်စေခြင်းလို့ ထပ်မံဖြည့်စွက်လိုပါတယ်။ အရည်အသွေး စံချိန်စံညွှန်းမီ စုပေါင်းပိုင် အဆောက်အအုံများ တည်ဆောက်နိုင်မှသာလျှင် ဤဥပဒေရဲ့ ရည်ရွယ်ချက်များနဲ့ ကိုက်ညီမှာ ဖြစ်တဲ့အတွက်ကြောင့် ထပ်မံဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ အခန်း(၃) ပုဒ်မ ၅ (ဆ)ကို စုပေါင်းပိုင် ဆောက်အအုံရှိ အိမ်ခန်းအသီးသီး အတွက် တည်ထောင်သူနှင့် အကျိုးသက်ဆိုင်သူများ ညှိနှိုင်းသဘောတူ တင်ပြသော မူလအချိုး သင့်ပိုင်ဆိုင်မှု တန်ဖိုးကို စိစစ်၍ သဘောတူညီချက်ပေးခြင်းလို့ ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ အကြောင်းပြချက်ကတော့ စုပေါင်းပိုင် အဆောက်အအုံ စတင်ဆောက်လုပ်ချိန်မှာ တည်ထောင်သူနဲ့ မြေကွက်ပိုင်ဆိုင်သူများ မတည်ငွေရင်း ထည့်ဝင်သူများ စသဖြင့် အကျိုးသက်ဆိုင်သူများ အသေးစိတ် ဂဃနဏ ညှိနှိုင်းသဘောတူပြီးမှသာ မူလအချိုးသင့် ပိုင်ဆိုင်မှု တန်ဖိုးကို စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြသင့်သောကြောင့် ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၅)ပုဒ်မ (၇)နဲ့ ပုဒ်မ ၈ ရဲ့ ကြားမှာပုဒ်မ ၈ အနေနဲ့ တည်ထောင်သူသည် ဆောက်လုပ်မည့် စုပေါင်းအဆာက်အအုံ၏ အမျိုးအစားအလိုက် အင်ဂျင်နီယာ စံနှုန်းများအရ သတ်မှတ်ထားရှိသည့် ကာလအပိုင်းအခြားတစ်ခုထိ အဆောက်အအုံ၏ ခိုင်ခံ့မှုကို တာဝန်ယူရမည်လို့ ဖြည့်စွက်လိုပါတယ်၊ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ကတော့ တည်ထောင်သူဟာ အင်ဂျင်နီယာစံနှုန်းများ အရ သတ်မှတ်ထားတဲ့ကာလအပိုင်းအခြားတစ်ခုအတွင်းမှာ အဆောက်အအုံရဲ့ ခိုင်ခံ့မှုကို တာဝန်ယူမှသာလျှင် စုပေါင်းပိုင် အဆောက်အအုံတွင် နေထိုင်သူများရဲ့ လုံခြုံမှုနဲ့ အကျိုးစီးပွားကို အာမခံနိုင်မှာ ဖြစ်တဲ့အတွက် ဖြစ်ပါတယ်ခင်ဗျား။

ဥပဒေကြမ်းရဲ့ အခန်း၅ ပုဒ်မ ၉ ရဲ့ (က)ကို ဝန်ကြီးဌာနသည် စုပေါင်းပိုင် အဆောက်အအုံ တစ်ခုဖြစ်ရန် (၁၂)ထပ် ထက်မနည်းသည့် အနည်းဆုံး လိုအပ်သည့် အထပ်အရေအတွက် အိမ်ခန်းအရေအတွက် အဆောက်အအုံ အား အသုံးပြုမည့် အမျိုးအစားပေါ် မူတည်၍ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လုံလောက်သော ယာဥ်ရပ်နားရန် နေရာနှင့် စုပေါင်းပိုင်သူများအသုံးပြုရန် စီမံထားရှိရမည့် စုပေါင်းပိုင် ပစ္စည်းများနှင့် ယင်းအဆောက်အအုံနှင့် ပစ္စည်းများ၏ နည်းပညာ အဆင့်အတန်း လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အပါအဝင် လိုအပ်သည့် စံချိန်စံညွှန်းများကို သတ်မှတ်ထားရမည်လို့ ပြင်ဆင်လိုပါတယ်။ လက်ရှိဆောက်လုပ်လျက်ရှိတဲ့ အထပ်မြင့်အဆောက်အအုံအချို့မှာ ယာဥ်ရပ်နားရာ နေရာများကို လုံးဝထည့်သွင်းစဥ်းစား၍ ဆောက်လုပ်မှုမရှိခြင်း အချို့သောအဆောက်အအုံများမှာ ယာဥ်ရပ်နားရာနေရာများကို ထည့်သွင်း ဆောက်လုပ်ထားသော်လည်း စနစ်တကျ တွက်ချက်ပြီးတော့မှ ထည့်သွင်းဆောက်လုပ်မှု မရှိတဲ့အတွက် ယာဥ်ရပ်နားရာ နေရာလုံလောက်မှု မရှိခြင်း အဆောက်အအုံကို အသုံးပြုမယ့် အမျိုးအစားပေါ် မူတည်ပြီးတော့မှ ယာဥ်ရပ်နားရာ နေရာ လိုအပ်ချက်များဟာလည်း ကွဲပြားမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ နိုင်ငံတကာ စံနှုန်းများနှင့်အညီ စနစ်တကျထည့်သွင်း တွက်ချက် ဆောက်လုပ်ရန် လိုအပ်ပါတယ်။ သို့မှသာ ယာဥ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ဥပမာအားဖြင့် သာမန်လူနေအဆောက်အအုံနဲ့ ကုန်တိုက်၊ ဆေးရုံ အစရှိတဲ့ အများပြည်သူ သက်ဆိုင်တဲ့ လုပ်ငန်းများမှာ အသုံးပြုတဲ့ အဆောက်အအုံတို့ မှာ ယာဥ်ရပ်နားရာ နေရာ လိုအပ်ချက်ခြင်း

တူညီမှာ မဟုတ်ပါဘူးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၅)ပုဒ်မ ၁၀(က)မှာ ဤဥပဒေအာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည့် စုပေါင်းပိုင် အဆောက်အအုံများကို ပုဒ်မ ၁၁ နဲ့ပုဒ်မ ၁၂ တို့နဲ့အညီ မှတ်ပုံတင်ပေးရန် သတ်မှတ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားနိုင်သည် ဆိုတဲ့နေရာမှာ လျှောက်ထားရမည်လို့ ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့(၁၂)ထပ်နဲ့အထက် အဆောက်အအုံအားလုံးဟာ ဤဥပဒေပြဋ္ဌာန်းပြီးတဲ့အချိန်မှာဤဥပဒေနဲ့ အကျုံးဝင်ရန် လိုအပ်ပါတယ်။ သို့မှသာ ဥပဒေရဲ့ ရည်ရွယ်ချက်များနှင့်အညီ အိမ်ရာကဏ္ဍဟာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၇) ပုဒ်မ ၂၂ (စ)မှာ ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင် မြေတွင် စုပေါင်းပိုင် အဆောက်အအုံကို သတ်မှတ်ဒီဇိုင်းပုံစံ စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ခြင်းလို့ ပြင်ဆင်လိုပါတယ်။ ပိုမိုတိကျမှု ရှိပြီးတော့မှ တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန်အတွက် ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ အခန်း(၇) ပုဒ်မ ၂၂(စ)နဲ့ (ဆ) ရဲ့ကြားမှာ ပုဒ်မ ၂၂ (ဆ) အဖြစ် စုပေါင်းပိုင် အဆောက်အအုံကို အသုံးပြုမည့် အမျိုးအစားပေါ်မူတည်၍ လုံလောက်သော ယာဉ်ရပ်နားရာ နေရာများကို နိုင်ငံတကာ စံချိန်စံညွှန်းသတ်မှတ်ချက်များနဲ့အညီ ထည့်သွင်းဆောက်လုပ်ခြင်းလို့ ထပ်မံဖြည့်စွက်လိုပါတယ်။ ရန်ကုန်မြို့မှာ လက်ရှိယာဉ်ကြောပိတ်ဆို့မှုများဟာ အဓိကအားဖြင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့် ပြုသော်လည်း နေထိုင်သူများ အသုံးပြုသူများအတွက် လုံလောက်သော ယာဉ်ရပ်နားရာနေရာများ ထည့်သွင်းဆောက်လုပ်မှု ဆောက်လုပ်စေခြင်း မရှိတဲ့အတွက် လမ်းများပေါ်မှာ ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ရခြင်းဟာ အဓိက အကြောင်းရင်းဖြစ်တဲ့အတွက်ကြောင့် ဥပဒေနဲ့သတ်မှတ်ထိန်းချုပ်ရန် အချိန်တန်ပြီဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၇) ပုဒ်မ ၂၂ (ဆ)နဲ့ (ဇ)ရဲ့ကြားမှာ ၂၂ (ဇ) အဖြစ် စုပေါင်းပိုင် အဆောက်အအုံကို မူလသတ်မှတ်ထားတဲ့ အသုံးပြုမည့်အမျိုးအစားမှ ပြောင်းလဲအသုံးပြုလိုပါက အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်း၍ သဘောတူညီမှုရယူခြင်းလို့ ထပ်မံဖြည့်စွက်လိုပါတယ်။ တည်ထောင်သူရဲ့ ဆန္ဒတစ်ခုတည်းနဲ့ ပြုပြင်ပြောင်းလဲမယ်ဆိုရင် အငြင်းပွားမှုများ ကြုံတွေ့ခဲ့ရတဲ့ ယခင် သာဓကများရှိသောကြောင့် ဖြစ်ပါတယ်။

မကြာသေးမီနှစ်များက ရန်ကုန်မှာရှိတဲ့ ကွန်ဒိုတစ်ခုမှာ တည်ထောင်သူက နဂိုက အိမ်ခန်းတွေ ရောင်းတဲ့အချိန်တုန်းက မြေညီထပ်ကို ကားပါကင်လုပ်မယ်လို့ ကြေညာထားခဲ့ပေမယ့် နောက်ပိုင်းမှာ ဆိုင်ခန်းတွေ ဖွဲ့ပြီးတော့ ရောင်းတဲ့အတွက်ကြောင့်မို့လို့ အိမ်ခန်းပိုင်ရှင်တွေနဲ့ အငြင်းပွားမှုဖြစ်တဲ့ သာဓကလည်း ရှိခဲ့ဖူးပါတယ်။ နောက်နောင်မှာ ဒီလို အငြင်းပွားမှုတွေ မဖြစ်စေဖို့ အတွက် ဒီအပိုဒ်ကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၇) ပုဒ်မ ၂၂ (ဇ) နဲ့ ပုဒ်မ ၂၂ (ဈ)ရဲ့ကြားမှာပုဒ်မ ၂၂ (ဈ) အဖြစ် အိမ်ခန်းကို အများပြည်သူသို့ ရောင်းချလျှင် အခန်း၏ တန်ဖိုးအပြင် အခွန်ပေးဆောင်ရမည့်တန်ဖိုး ပြုပြင်ထိန်းသိမ်းမှု ခန့်မှန်းကုန်ကျစရိတ်နှင့် ရေ၊ မီး လုံခြုံရေးတို့အတွက် လစဉ်ထည့်ဝင်ရမည့် ခန့်မှန်းရန်ပုံငွေတို့ကို အနီးစပ်ဆုံး တွက်ချက်ဖော်ပြ၍ ဝယ်ယူသူသို့ အသိပေးခြင်းလို့ ထပ်မံဖြည့်စွက်လိုပါတယ်။ လက်ရှိ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိတဲ့ စုပေါင်းပိုင် အဆောက်အအုံအချို့မှာ ဝယ်ယူသူများကို အခွန်ပေးဆောင်ရန်နှင့် ပုံမှန်လစဉ်ထည့်ဝင်ရမည့် ခန့်မှန်းကုန်ကျငွေများကို ရောင်းချစဉ်က ဖော်ပြခြင်းမရှိတဲ့အတွက် အဆောက်အအုံပြီးစီးလို့ လွှဲပြောင်းတဲ့အခါမှာအငြင်းပွားမှုများ ပေါ်ပေါက်ပြီးတော့မှ ဝယ်ယူသူများကို နစ်နာစေသော

ကြောင့် ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း (၈) ခေါင်းစဉ်ကို စုပေါင်းပိုင် သူများ၏ တာဝန်နှင့် အခွင့်အရေးများလို့ ပြင်လိုပါတယ်။ အခန်း(၇)ခေါင်းစဉ်နဲ့ စာသားအသုံးအနှုန်း ရှေ့နောက် ညီညွတ်မှု ရှိစေရန်အတွက်ဖြစ်ပါတယ်ခင်ဗျား။ ပုဒ်မ ၂၄ နဲ့ ပုဒ်မ ၂၅ ကိုတော့ အခန်းခေါင်းစဉ်နဲ့ ဖော်ပြချက်များ ညီညွတ်မှုရှိစေရန်အတွက် ရှေ့နောက် ပြင်ဆင်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်း ကောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံက လူဦးရေရဲ့ (၅၁)သန်းလောက်ရှိပြီးတော့ ရန်ကုန်မြို့ရဲ့ လူဦးရေက (၇)သန်းခွဲလောက်ရှိတယ်လို့ ပြောပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ တိုင်းနဲ့ပြည်နယ်မှာ ရန်ကုန်တိုင်းက အငယ်ဆုံးဖြစ်ပေမယ့် လူဦးရေရဲ့ (၁၅)ရာခိုင်နှုန်းလောက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းက အခြားတိုင်းနဲ့ ပြည်နယ်ထက် အိမ်ရာပြဿနာက အဓိက ဖြစ်နေကြတာပါ။ အခု ပေါ်ထွက်လာမယ့် စုပေါင်းပိုင် အိမ်ရာနဲ့ပတ်သက်လို့ ရန်ကုန်မြို့သူ/ မြို့သားများက မျှော်လင့်ချက် အများကြီး ထားခဲ့ကြပါတယ်။ ဒီဥပဒေကို လေ့လာကြည့်တဲ့အခါမှာ အခန်း (၉)ပုဒ်မ ၂၆ မှာ စုပေါင်းပိုင်တဲ့ အခန်းပိုင်ရှင်အားလုံးရဲ့ (၇၅)ရာခိုင်နှုန်းက သဘောတူမယ်ဆိုလို့ရှိရင် ဒီအဆောက်အအုံကို ဖြိုဖျက်ပြီးတော့ အသစ်ပြန်ဆောက်ခွင့် ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီ Idea အရဆိုလို့ရှိရင် ဒီအိမ်တစ်ခုရဲ့ အခန်းတွေ စုစုပေါင်းရဲ့ (25) Percent ရှိ သူတို့ရဲ့ဆန္ဒကို Neglect လုပ်ပြီးတော့ အသစ်ဆောက်တာတွေ ပြင်တာတွေ လုပ်လို့ ရတဲ့သဘောကို Idea ပေးတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေသစ်သာ ပေါ်ထွက်လာလို့ရှိရင် ဒီဥပဒေအရဆိုရင် သက်ဆိုင်ရာကော်မတီတွေ ပေါ်လာပါမယ်။ စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်သူတွေ ပေါ်လာပါမယ်၊ စုပေါင်းပိုင် ဆိုင်သူတွေ ပေါ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွေက ပြဋ္ဌာန်းတဲ့ ဥပဒေအရဆိုလျှင် အတိတ်ကိုတော့ ပြန်ပြောင်းလို့တော့ မရပါဘူး။ လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေအရဆိုလို့ရှိရင် ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုတော့ လွှမ်းမိုးလို့ ရပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ် ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်တုန်းက ဆက်သွယ်ရေးဥပဒေ မပေါ်ပေါက်ခင်တုန်းက တစ်ချိန်တုန်းကဆိုလို့ရှိရင် တယ်လီဖုန်းတွေက အလွန်ဈေးကြီးခဲ့ပါတယ်။ ရွှေတစ်ကျပ်သားတစ်သိန်းလောက်ခေတ်မှာ ဖုန်းတစ်လုံးက သိန်း (၅၀)ထိတောင် ဖြစ်ခဲ့ပါတယ်။ ကျော်မကောင်း ကြားမကောင်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဆက်သွယ်ရေးဥပဒေ ပေါ်ထွက်လာတဲ့ အကျိုးကျေးဇူးတွေက ဒီနေ့ နေပြည်တော်မှာဆိုလို့ရှိရင် Telenor တို့ Oredoo တို့က ဖုန်းကို ၁၅၀၀ နဲ့ အချိန်မရွေးယူလို့ ရတဲ့အဆင့် ဖြစ်နေပါပြီ။ ဒါဟာဆိုလို့ရှိရင် ဒီဥပဒေကြောင့် ပစ္စုပ္ပန်မှာရော၊ အနာဂတ်မှာရော အကျိုးပေးတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုရေးဆွဲမယ့် စုပေါင်းပိုင် အဆောက်အအုံဥပဒေနဲ့ ပတ်သက်လို့ လေ့လာကြည့်တဲ့အခါမှာ ဒီဥပဒေ ပေါ်ထွက်လာတဲ့အခါမှာ လက်ရှိပစ္စုပ္ပန်ပြဿနာတွေ

ဖြေရှင်းနိုင်ခြင်း မရှိတာ တွေ့ရပါတယ်။ ဒီဥပဒေဟာဆိုလို့ရှိရင် စုပေါင်းပိုင်အဆောက်အအုံ အသစ်တည်ထောင်ပြီး မှတ်ပုံတင်မှသာ အသစ်တည်ထောင်တဲ့ ကော်မတီမှာ မှတ်ပုံတင်မှသာ ဒီဥပဒေက အသက်ဝင်မှာ ဖြစ်ပါတယ်။ လက်ရှိ ပြဿနာတွေက ဖြေရှင်းနိုင်ခြင်း မရှိဘူးဆိုတာ ထင်ရှားပါတယ်။

ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ကျွန်တော့်ကိုယ်တွေ့ တင်ပြရရင် တစ်ချိန်တုန်းက ရန်ကုန်မြို့ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ ဝင်ပြီး လုပ်ခဲ့ပါတယ်။ အဲဒီမှာ ရန်ကုန်မြို့ရဲ့ အဓိက အချက်အချာဆုံးကျတဲ့ လွတ်စွာလမ်း အခု ဆိပ်ကမ်းသာလမ်းလို့ ခေါ်တဲ့ နေရာမှာ အိမ်တစ်လုံးကို ကျွန်တော်တို့အဖွဲ့က ဆောက်ဖို့ ညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီအိမ်က ဟိုအရင်ခေတ်က ဆောက်ခဲ့တဲ့ အိမ်ပါ။ အိမ်ခန်းကတော့ ရှေ့မျက်နှာစာကတော့ မြေပေ (၄၀)မှာ နှစ်ခန်းတွဲတစ်ဖက်ကို ပေ(၂၀)ဝန်းကျင်လောက် ရှိပါတယ်။ နောက်ဘက်ကတော့ ပေ(၅၀)(၆၀)လောက်ရှိပါတယ်။ အိမ်ကတော့ (၄)ခန်းပါပဲ ဒါပေမဲ့ အရင်ခေတ်က ဆောက်ခဲ့တဲ့ အဆောက်အအုံ ဖြစ်တဲ့အတွက် အပေါ်က သစ်သားကြမ်းခင်းပါ အဲဒီမှာ (၂)ခန်းကတော့ တည်းခိုခန်း ဖွင့်ထားပါတယ်။ (၁)ခန်းကတော့ ပစ္စည်းအရောင်းဆိုင် ဖွင့်ထားပါတယ်။ (၁)ခန်းကတော့ လူနေပါတယ်။ အဲဒီတော့ ဒီအခန်းပိုင်ရှင်ကို ကဲခင်ဗျားတို့ အိမ်ကြီးကလည်း သစ်သားကြမ်းခင်းကြီး ဖြစ်နေတယ်။ အဆောက်အအုံကလည်း ကြာနေပြီ။ အပေါ်မှာလည်း လမ်းလျှောက်လို့ရှိရင် တဒိုင်းဒိုင်းနဲ့ အောက်က ကြားနေရတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာကြီးကို RC အဆာက်အအုံ ဆောက်မယ် အဲဒီပေါ်က အထပ်တွေကိုတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့က ယူမယ်ဆိုတဲ့အခါမှာ အဲဒီအခန်းပိုင်ရှင် (၄)ဦးက သဘောတူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အဆောက်အအုံကြီးက ခေတ်မမီတော့တဲ့အတွက် Upgrade ဖြစ်တဲ့အတွက် သဘောတူပါတယ်။ မူအရ သဘောတူတဲ့အခါမှာ ဒီအခန်းပိုင်ရှင်တွေက သဘောတူတဲ့ အခါမှာ ဒီမြေရဲ့ပိုင်ရှင်ကို ကျွန်တော်တို့ လိုက်စုံစမ်းတဲ့အခါမှာ မြေပိုင်ရှင်က အဲဒီမှာမရှိပါဘူး မြေပိုင်ရှင်ကို လိုက်စုံစမ်းတဲ့အခါမှာ မြေပိုင်ရှင်ရဲ့ လိပ်စာကို ရပါတယ်။ ရတဲ့အခါမှာ အဲဒီ လိပ်စာအရ သွားတဲ့အခါမှာ ရန်ကုန်မြို့ မင်္ဂလာဒုံအကျော် မှော်ဘီအစွန်မှာ ရှိပါတယ်။ အဲဒီအစွန်ကို ကားမရောက်ပါဘူး။ ကားကို ရွာထိပ်မှာထားပြီးတော့ လမ်းလျှောက်ရပါတယ်။ လမ်းလျှောက်တဲ့အခါမှာ ကျွန်တော်တို့ နွားတင်းကုတ်သာသာ နွားချေးတွေနံနေတဲ့ ရွာလေးမှာ အိမ်ထဲက အဖိုးကြီးတစ်ယောက် ထွက်လာပါတယ်။ သူက မြေရှင်လို့ပြောပါတယ်။ ကျွန်တော်တို့ စာရွက်စာတမ်း မိတ္တူအရ သူကမြေရှင်ဖြစ်ကြောင်း သိရပါတယ်။ အဲဒီတော့ မြေရှင်နဲ့ စကားပြောကြည့်တဲ့အခါမှာ ဒီလူကြီးကတော့ တချိန်မှာ ဒီအိမ်ကို ပိုင်ဆိုင်ခဲ့တာမှန်တယ် ဒါပေမဲ့ အပျော်စနစ်နဲ့ရောင်းရင်း ရောင်းရင်းနဲ့ ဘာအခန်းမှ မပိုင်ဘဲနဲ့ ရွာမှာ ရောက်ပြီးတော့ သူက မြေပိုင်ရှင် သပ်သပ် ရပ်တည်နေတာပါ။ မြေပိုင်ရှင်ပေမယ့် တော်တော် ချို့ချို့တဲ့တဲ့ ဖြစ်နေပါတယ်။ သူ့ရဲ့ နဂိုရောင်းချထားမှုအရပါ မြေလခ တွက်ကြည့်တော့လည်း တစ်ခန်းကို မြေလခ (၂၀၀)လောက်ပဲ ရှိပါတယ်။ အဲဒီတော့ သူ မြေလခကိုတောင် လစဥ် သွားမယူနိုင်ပါဘူး။ (၆)လ (၁)နှစ်နေမှ (၁)ခေါက် သွားယူတာ ဖြစ်ရပါတယ်။ အဲဒီတော့ ကျွန်တော်က အခု တင်ပြချင်တာက တချို့တွေ မြေပိုင်ရှင်လို့သာ ပြောပါတယ် လက်ရှိအခန်းတွေနဲ့ပတ်သက်လို့ ပတ်သက်မှု မရှိတော့ပါဘူး။ တချို့ဟာဆိုလို့ရှိရင် (25) Percent ရဲ့ အောက်မှာတောင်မှ မရှိတော့ပါဘူး။ တချို့ဆိုလို့ ရှိရင်လည်း (၄)ခန်းမှ တစ်ခန်းလောက် (25) Percent ပိုင်တယ်။

တချို့ဆိုလည်း မြေပိုင်ရှင်လို့သာပြောတယ်၊ အခန်းတွေက အပျောက်စနစ် နဲ့ရောင်းလိုက်တဲ့အတွက် ပိုင်ဆိုင်မှုမရှိတော့ပါဘူး။ အဲဒီတော့ ကျွန်တော် Idea အသစ်တစ်ခု ဒီဥပဒေထဲမှာ တင်ပြချင်တာကတော့ ရန်ကုန်မြို့ရဲ့လက်ရှိအနေအထားအရ မြေပိုင်ရှင်ဖြစ်ပြီ ဒါပေမဲ့ ဒီအခန်း ပိုင်ဆိုင်မှုက အပျောက်စနစ် နဲ့ရောင်းပြီးတော့ (25) percent နဲ့အောက်မှာရှိတယ်ဆိုလို့ရှိရင် ဒီမြေကို ကျွန်တော်တို့ စုပေါင်း ပိုင်ဆိုင်မှုအဖြစ် လွှဲပေးရမယ်ဆိုတဲ့ဒီပြဋ္ဌာန်းချက်ကို ဒီဥပဒေထဲမှာ ပြဋ္ဌာန်းရေးဆွဲချင်ပါတယ်။

ဒီလိုရေးဆွဲတဲ့အခါမှာ သူ့အတွက် Justice တရားမျှတမှုအနေနဲ့ ဂရန်သက်တမ်းရှိလို့ရှိရင် ဂရန်သက်တမ်းရှိတဲ့ကာလတစ်လျှောက်လုံးအတွက် မြေလခတွေကို ငှားရမ်းပြီးတော့ သူ့ကိုပေးသွင်းစေ။ အဲဒီမြေလခ ရရှိပြီးလို့ရှိရင် ဒီမြေကို စုပေါင်းအပိုင်အဖြစ် သတ်မှတ်ရမယ်ဆိုတဲ့ဥပဒေပြဋ္ဌာန်းချက်ကို ကျွန်တော်ထည့်စေချင်ပါတယ်။ ဒါဟာဆိုလို့ရှိရင် သူ့အတွက်မြေငှားခကို ဂရန် သက်တမ်း ရှိသမျှကို သူ့အတွက် တစ်လုံးတစ်ခဲတည်း ပေးလိုက်တဲ့ သဘောပါပဲ။ အကယ်၍ တချို့မြေရှင်တွေ ကျွန်တော် တွေ့ပါတယ်။ မြေရှင်သာ ပြောတယ် ဂရန်သက်တမ်းက ပျက်နေပါပြီ။ ကုန်နေပါပြီ။ ဒီလိုပုံစံမျိုးဆိုရင် အခန်းပိုင်ဆိုင်မှုက (25) percent မရှိတော့ဘူးဆိုတဲ့လူတွေကတော့ ဒီမြေကို အပျောက်စနစ်နဲ့ရောင်းတဲ့အတွက် ဒီအခန်းပိုင်ရှင်များနှင့်သာ ဆက်စပ်မှုရှိပါတယ်။ ဒါကြောင့် ဒီအခန်း ပိုင်ရှင်များကိုသာ စုပေါင်းပိုင်မြေယာအဖြစ် ကျွန်တော်တို့ သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ဒီလို တစ်ကွက်ချင်း၊ တစ်ကွက်ချင်းကို စုပေါင်းပိုင်မြေယာအဖြစ် သတ်မှတ်ပေးမယ်ဆိုလို့ရှိရင် အကွက်တွေ အားလုံး စုပေါင်းပြီးတော့ စုပေါင်းမြေယာပိုင်အကြီးကြီး ပေါ်လာနိုင်ပါတယ်။ ဒါဟာဆိုရင် ရန်ကုန်မြို့ရဲ့ အိမ်ရာ အခက်အခဲကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ဒီဥပဒေမှာ ပစ္စုပ္ပန်ပြဿနာဖြစ်တဲ့ လက်ရှိမြေပိုင်ရှင်ဖြစ်တယ် သို့သော်ငြားလည်း အခန်းပိုင်ဆိုင်မှုမရှိတော့ဘူးဆိုရင် (25) percent အောက်မှာဆိုရင် ကျန်လူတွေကို စုပေါင်း ပိုင်ဆိုင်မှု အဖြစ် လွှဲပြောင်းပေးရမယ်၊ ဒီအခန်းမှာရှိတဲ့ လက်ရှိ ရှိနေတဲ့လူအားလုံးနဲ့ လက်ရှိ ရှိနေတဲ့လူတွေကို စုပေါင်းပိုင်ဆိုင်မှုအဖြစ် လွှဲပြောင်းပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ထည့်ပေးသင့်ပါတယ်လို့ ကျွန်တော် တင်ပြ ပါတယ်။ ဘာကြောင့်ဆို ကျွန်တော့်ရှေ့က ဗိုလ်မှူးတစ်ယောက် တင်ပြသလိုပါပဲ၊ ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီး ကွန်ဒိုမီနီယံတစ်ခုမှာလည်း အဲဒီ ပြဿနာတက်နေပါတယ်။ အဲဒါဟာလည်း ဒီ ဥပဒေ ပေါ်ထွက်လာလို့ရှိရင် သူက စုပေါင်းပိုင်မဟုတ်ဘူးလို့ သူ့ဘက်က defence လုပ်မယ်ဆိုရင် ဒီ ဥပဒေ တွေနဲ့ ဘယ်လိုမှလွှမ်းမိုးပြီးတော့ ဒီပြဿနာတွေ ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။

အဲဒါကြောင့် ကျွန်တော်တို့က လက်ရှိအပျောက်စနစ်နဲ့ နေတဲ့ လူတွေက ကျွန်တော်တို့က စုပေါင်းပိုင်မြေရှင်အဖြစ် အသိအမှတ်ပြုရမယ့် အခြေအနေရောက်ရှိနေပါပြီ။ ဒီအချက်ကို ဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းပေးမယ်ဆိုရင် ဒီဥပဒေတွေဟာ ပစ္စုပ္ပန်ကာလအတွက်ပါ အကျိုးရှိမှာဖြစ်ပါတယ်။ နောက် ဒုတိယအချက် တင်ပြချင်တာကတော့ နည်းပညာနဲ့ပတ်သက်တဲ့ပြဿနာပါပဲ။ စုပေါင်းပိုင် ကွန်ဒိုမီနီယံ အဆောက်အဦကို (၁၂)ထပ်လို့ သတ်မှတ်ထားတာတွေ့ရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကျတော့ လက်ရှိဆောက်လုပ်ရေး လုပ်ငန်းရှင်တွေ အများစုဟာ (၈)ထပ်လောက်အထိအောင်ပဲ ကျွမ်းကျွမ်း ကျင်ကျင်ပိုင်နိုင်မှု ရှိပါတယ်။ (၁၂)ထပ်နဲ့ပတ်သက်လို့ ဘာတွေ အခက်အခဲ ရှိသလဲဆိုရင် ပိုင် ဖောင်ဒေးရှင်းနဲ့ လုပ်ရမယ်။ ဓာတ်လှေကား တပ်ရမယ်။ လျှပ်စစ်ပါဝါပြဿနာရှိတယ်။ ဓာတ်လှေကား maintenance တွေ ရှိတယ်ပေါ့နော်။ အဲဒီတော့ ကျွန်တော်တို့က အဓိကတော့ စုပေါင်းပိုင်မြေပေါ်မှာ

စုပေါင်းပိုင် အခန်းတွေပိုင်ဆိုင်ကြတာ ဒါက အဓိက main ပါ။ အဲဒီတော့ ဒီ (၁၂)ထပ်ဆိုတာက Major Case မဟုတ်ပါဘူး။ Minor Case ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံရဲ့ အနေအထားကလည်း (၁၂)ထပ်အတွက်၊ အဆင်သင့်ဖြစ်ဖို့အတွက် အချိန်ကာလ အတိုင်းအတာ တစ်ခု စောင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် (၁၂)ထပ်ဆိုတဲ့ အတိုင်းအတာတစ်ခုကို နည်းပညာ အရပိုပြီး ကျယ်ပြန့်အောင် လုပ်ဖို့ရာအတွက် ကျွန်တော်တို့ (၁၂)ထပ်ဆိုတာကို ဖြုတ်စေချင်ပါတယ်။ နောက် Area Square feet ကို (၁၀၀၀၀) Square feet အဖြစ်သတ်မှတ်ထားတာရှိပါတယ်။

ကျွန်တော်အခုနကပြောသလို ရန်ကုန်မြို့ဟာ ပြောမယ်ဆိုလို့ရှိရင် ကွန်ဒိုမီဒီယံ အဆောက်အအုံဟာ ပေါ်သင့်တာ လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က၊ အရေးအခင်းကာလပြီးတဲ့ နောက်ပိုင်းမှာ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းတွေ စပေါ်တည်းက ဒီဥပဒေဟာ ပေါ်သင့်ခဲ့ရမှာပါ။ ပေါ်သင့်တဲ့ အချိန်မှာ မပေါ်ခဲ့တဲ့အတွက် အခုပြဿနာတွေဖြစ်နေတယ်။ ဒီလိုအခက်အခဲတွေ ဖြစ်နေတာပါ။ အိမ်ရာ ပြဿနာတွေဖြစ်နေတာပါ။ အဲဒီတော့ ကျွန်တော်တို့က (၁၀၀၀၀) Square feet သတ်မှတ်လို့ ရှိရင် အသေးလေးတွေစုမှ (၁၀၀၀၀)ဖြစ်ရမယ့်ပုံစံမျိုးကို ကျွန်တော်တို့က ရှိပါတယ်။ ဒါကြောင့် အသေးကို စသတ်မှတ် ပေးပါ။ အသေးကို စုပေါင်းပိုင် မြေယာအဖြစ်သတ်မှတ်ပေးလို့ရှိရင် အသေးတွေ စုရင်း၊ စုရင်းနဲ့ ဒီစီးပွားရေးဟာ တွက်ခြေကိုက်မှုနေရာအကျယ်အဝန်းကို ရလာမှာပါ။ အဲဒီတော့ ကျွန်တော်တို့က ဒီအသေးတစ်ခုမှာ ကျွန်တော်တို့က အခန်းအရေအတွက်ပေါ့နော်။ အခန်း အရေအတွက်က ဥပမာ(၇၅၀) square feet ဆိုရင် မိသားစု စုနေထိုင်နိုင်တဲ့ အဆင့်အတန်း ရှိပါတယ်။ အဲဒါမျိုး (၄)ခန်း ရှိလို့ရှိရင် စုပေါင်းပိုင်အိမ်ရာအဖြစ် သတ်မှတ်နိုင်တယ်။ စုပေါင်းပိုင်မြေယာအဖြစ် သတ်မှတ်နိုင်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက် ထားလိုက်လို့ရှိရင် အဲဒီအသေးလေးတွေ စုရင်း၊ စုရင်းနဲ့ တကယ့် Developer တစ်ယောက် ကနေပြီးတော့ ဒါတွေ အားလုံးစုပြီးလို့ရှိရင် အထပ်(၂၀)၊ (၁၅)ထပ် ရှိတဲ့ အဆောက်အအုံကြီးတွေ သူတည်ထောင် သူ့ရဲ့စီးပွားရေးတွက်ကိန်းအရ သူ တည်ထောင်နိုင်ပါလိမ့်မယ်။ အဲဒါဆိုရင် ရန်ကုန်မြို့ရဲ့ အိမ်ရာပြဿနာကို ဖြေရှင်းနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဥပဒေရဲ့သဘောထားအရ ပိုမိုကျယ်ပြန့် လာအောင်ဆိုတဲ့ (၁၀၀၀၀) square feet သတ်မှတ်ချက် ကိုလည်း ပယ်ဖျက်သင့်ပါတယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေးဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များအားလုံးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးအား လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၅၁၀ ဗိုလ်မှူးရဲမင်းထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက အသစ်ပြန်လည်ရေးဆွဲခဲ့တဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် တင်ပြဆွေးနွေးသွားမှာ

ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုနိုင်ပါရန်နှင့် အင်္ဂလိပ်စာအသုံးအနှုန်းများ ခွင့်ပြုနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် ပန်ကြားတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အခန်း(၃)၊ ပုဒ်မ ၄ မှာ နေပြည်တော်ကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ အသီးသီးကို ဖွဲ့စည်းတဲ့ နေရာမှာ တင်ပြပါအတိုင်း (၆)ဦးနဲ့ ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါတယ်။ ပြင်ဆင်ဖြည့်စွက်ချက် အနေနဲ့ ပုဒ်မ ၄ အရ ဖွဲ့စည်းတဲ့ နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေး ကော်မတီများမှာ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ CQHP(Committee for Quality Control of High Right building construction projects) မှာ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းသင့်ကြောင်း ကျွန်တော်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့ အခန်း(၅)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ စုပေါင်းပိုင် အဆောက်အအုံတစ်ခုဖြစ်ရန် (၁၂)ထပ်ထက် မနည်းသည့် အနည်းဆုံးလိုအပ်သော အထပ်အရေ အတွက်လို့ ဖော်ပြထားတဲ့အတွက် ကျွန်တော်တို့ စုပေါင်းပိုင် အဆောက်အအုံများဟာ အထပ်မြင့် အဆောက်အဦး အမျိုးအစားမှာ ပါဝင်နေခြင်း၊ အခန်း(၃)၊ ပုဒ်မ ၅ အရ စီမံခန့်ခွဲရေးကော်မတီနဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီးတော့ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (င)နဲ့ (စ)ပါ လုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ ပိုမိုထိရောက်ကောင်းမွန် ပြည့်စုံစေရန်အတွက် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ အခန်း(၃)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက အသစ်ပြန်လည်ရေးဆွဲခဲ့တဲ့နေရာမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။

ပြင်ဆင်ဖြည့်စွက်ချက်အနေနဲ့ စုပေါင်းပိုင် အဆောက်အအုံများ၏ ဘေးကင်းစိတ်ချလုံခြုံ ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေရေးအတွက် သတ်မှတ်တင်ပြထားသော ပုံစံများ၊ ဒီဇိုင်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝစွာ ဆောက်လုပ်ရေးအတွက် လုပ်ငန်းစဉ် များအလိုက် ကြီးကြပ်ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ဖြည့်စွက်လိုပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ စုပေါင်းပိုင် အဆောက်အအုံများမှာ နေထိုင်တဲ့ စုပေါင်းပိုင်သူများရဲ့ ဘေးကင်းစိတ်ချ လုံခြုံရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် စီမံခန့်ခွဲရေး ကော်မတီ အသီးသီးအနေနဲ့ အဆောက်အဦ စတင်ဆောက်လုပ်တဲ့အချိန်မှ ပြီးစီးတဲ့ အချိန်အထိ လိုအပ်တဲ့ ကြီးကြပ်မှုများ ဆောင်ရွက်နိုင်စေရန် ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ကတော့ အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ အဆင့်ဆင့် ဆောင်ရွက် ရမယ့် လုပ်ငန်းများဖြစ်တဲ့ မြေစမ်းသပ်ခြင်း၊ အဆောက်အဦး ဆောက်လုပ်ခြင်း၊ Mechanical and Electrical Installation၊ fire protection sanitation စတဲ့ ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်တဲ့ နေရာမှာ စီမံခန့်ခွဲရေးကော်မတီကိုယ်တိုင် ဒါမှမဟုတ် တစ်ခြားပညာရှင်အဖွဲ့ (Third Party) တစ်ခုနဲ့ မြေပြင်စစ်ဆေးစေပြီးတော့၊ ရရှိလာတဲ့ အချက်အလက်များကို တင်ပြစေပြီးတော့ ကြီးကြပ်နိုင်စေဖို့ ဖြစ်ပါတယ်။ အရေးကြီးတဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ပိုမိုရှင်းလင်းတိကျ စေရန် ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ၊ နှစ်လုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာပထမ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှ ရေးဆွဲထားတဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းရဲ့ အခန်း(၁၀)၊ ပြစ်မှုနဲ့ ပြစ်ဒဏ်များ ခေါင်းစဉ်အောက်မှာ ပါရှိတဲ့ အပိုဒ် (၃၃)နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။

အပိုဒ်(၃၁)၊ (၃၂)၊ (၃၄)တို့ရဲ့ ရှေ့မှာ မည်သူမဆို ဆိုတဲ့ စာသားပါရှိသော်လည်း အပိုဒ် (၃၃)ရဲ့ ရှေ့မှာ မည်သူမဆို ဆိုတဲ့ စာသားမပါရှိကြောင်း တွေ့ရှိရပါတယ်။ မည်သည့် ဥပဒေတွင်မဆို ပြစ်မှုကျူးလွန်သော အပြစ်ပေးသည့်ပုဒ်မတွင် မည်သူမဆိုဆိုသည့် စာသားကို မပျက်မကွက် ထည့်သွင်းဖော်ပြ ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ ပြစ်မှုဆိုင်ရာဥပဒေများမှာလည်း Whoever ဆိုတဲ့ စာသားကို မပျက်မကွက် ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါ အပိုဒ်(၃၃)ရဲ့ ရှေ့မှာ မည်သူမဆို ဆိုတဲ့ စာသားကို ထည့်သွင်းရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ အပိုဒ် ၂၃ (ဂ)နှင့် အပိုဒ် ၂၄(ဃ)(၂) (၃) တို့နဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြပါမယ်။ အပိုဒ် ၂၃ (ဂ)မှာ စုပေါင်းပိုင် အဆောက်အအုံ၏ပဋ္ဌမထပ်နှင့် အထက်ရှိ (၄၀)ရာခိုင်နှုန်းထက်မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချနိုင်ခြင်းလို့ ရေးသားဖော်ပြထားပါတယ်။ အပိုဒ် ၂၄ (ဃ) (၂)မှာ စုပေါင်းပိုင် အဆောက်အအုံ၏ ပဋ္ဌမထပ်နှင့် အထက်ရှိ (၄၀)ရာခိုင်နှုန်းထက် မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချခွင့်၊ လဲလှယ်ခွင့်များရှိသည်လို့ ရေးသားထားပါတယ်။ အပိုဒ် ၂၄ (ဃ) (၃)မှာ နိုင်ငံခြားသားအားပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမွေဆက်ခံစေခြင်းဆိုင်ရာကိစ္စများတွင် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်လို့ ရေးသားဖော်ပြထားပါတယ်။

၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ အရ နိုင်ငံခြားသားပိုင် ပစ္စည်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနကသာ အမွေဆက်ခံခွင့်ပေးနိုင်ပါတယ်။ အခြားသူအား အမွေဆက်ခံခွင့် မပေးနိုင်ပါဘူး။ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းကိုလည်း မလုပ်နိုင်ပါဘူး။ သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပြုလုပ်နိုင်တယ်လို့ ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ဒါပေမဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ပါတယ်။

ဆက်လက်ပြီးတော့ ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၄ တို့မှာ ကန့်သတ်ချက်များကို တင်ပြဆွေးနွေးပါ့မယ်။ ပုဒ်မ ၃ မည်သူမဆို နိုင်ငံခြားသားနှင့် ဖြစ်စေ၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီဖြင့် ဖြစ်စေ၊ မရွှေ့မပြောင်းနိုင် သောပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကို လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၄ မှာ မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီကမျှ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကို လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရ စသည်ဖြင့် ပြဋ္ဌာန်းထားပါတယ်။

ဖော်ပြပါ ပုဒ်မများနဲ့ သက်ဆိုင်တဲ့ ပုဒ်မ ၁၁ ကို ဆက်လက်ပြီး ဆွေးနွေးတင်ပြပါမယ်။ ပုဒ်မ ၁၁ မည်သူမဆို ပုဒ်မ ၃ သို့မဟုတ် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံး ထောင်ဒဏ်(၅)နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဆက်လက်ပြီးတော့ ဖော်ပြပါ ပြစ်မှုများနဲ့ သက်ဆိုင်တဲ့ ပုဒ်မ ၂ (ဃ)ပါ ကန့်သတ်ချက်များကို တင်ပြပါမယ်။ ပုဒ်မ ၂(ဃ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းဆိုသည်မှာ မြေ၊ မြေမှဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ ဆောက်လုပ်ထားသော သို့မဟုတ် တည်ရှိသော အဆောက်အအုံနှင့် အရာဝတ္ထုများ၊ ယင်းအဆောက်အအုံ၌ တပ်ဆင်ထားသော အရာဝတ္ထုများကိုဆိုသည်။ ဖော်ပြပါ

ပြဋ္ဌာန်းချက်များအရ တိုက်ခန်းကို နိုင်ငံခြားသားများအား မြန်မာနိုင်ငံသားများက ရောင်းချခွင့် မရှိသည်သာမက မြန်မာနိုင်ငံသားများကလည်း နိုင်ငံခြားသားများထံမှ ဝယ်ယူခွင့် မရှိပါဘူး။ ရောင်းချခြင်း၊ ဝယ်ယူခြင်းသာမက အခြားနည်း လွှဲပြောင်းခြင်းလည်း မပြုလုပ်ရပါဘူး။ ဒါ့ကြောင့် အပိုဒ် ၂၃(ဂ) နှင့် အပိုဒ် ၂၄ (ဃ) (၂) (၃)တို့ကို ပယ်ဖျက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း ၁၁၊ အပိုဒ် ၃၅ (က)၊ (ခ)နှင့် ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ အပိုဒ် ၃၅ (က)မှာ ဤ ဥပဒေအရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ခုခုအပေါ် မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှ ရက်(၆၀)အတွင်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ အယူခံဝင်ရောက်ခွင့် ရှိသည်လို့ ရေးသားဖော်ပြထားပါတယ်။ အပိုဒ် ၃၅ (ခ)မှာ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ယင်း၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်လို့ ရေးသားဖော်ပြထားပါတယ်။

ဖော်ပြပါ အပိုဒ် ၃၅ (က)နှင့်(ခ)တို့မှာ ရေးသားဖော်ပြချက်များဟာ တရားစီရင်ရေးနှင့် ပတ်သက်တဲ့ ရေးသားဖော်ပြချက်များဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည်ဖြင့် အခန်းကဏ္ဍ(၃)ရပ်ကို ဖော်ပြထားပါတယ်။ အဲဒီ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ဟာ သီးခြားစီပင် ဖြစ်ပါတယ်။ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားပါတယ်။ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့တို့ကို အပ်နှင်းထားပါတယ်။ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၊ ခရိုင် တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် မြို့နယ်တရားရုံးများကို အပ်နှင်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော်က အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိသလို၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများကလည်း ဥပဒေပြုရေးနှင့် တရားစီရင်ရေးမှာ ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ ထို့အတူ တရားစီရင်ရေး အဖွဲ့အစည်းများကလည်း ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးများမှာ ပါဝင်ဆောင်ရွက်ခွင့် မရှိပါဘူး။

၂၀၁၀ ပြည့်နှစ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေမှာ တရားရုံးများဖွဲ့စည်းခြင်းနှင့် တရားရုံးများ လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီ ပြဋ္ဌာန်းချက်များအရ မြို့နယ်တရားရုံးရဲ့ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး၊ ခရိုင်တရားရုံးများသို့ အယူခံဝင်ရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများရဲ့ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ အယူခံဝင်ရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရမှာ ဖြစ်ပါတယ်။

ဖော်ပြပါ တရားရုံးအဆင့်ဆင့်သို့ အယူခံဝင်ရန် ပြဋ္ဌာန်းထားပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းသို့ အယူခံဝင်ရန် ပြဋ္ဌာန်းထားခြင်း မရှိတဲ့အတွက် အပိုဒ် ၃၅ (က)နှင့် (ခ)တို့ကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့် ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်သုံးဦးရှိခဲ့ပါတယ်။ အဆိုပါ ကိုယ်စားလှယ်များနဲ့ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးချက်အရ အပိုဒ် ၁၂-က အသစ်ဖြည့်စွက်တဲ့နေရာမှာသို့ရာတွင် ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များသည် ယင်း ပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) အတွက်သာ ခံစားခွင့်ရှိသည်ဟု ထပ်မံဖြည့်စွက်ရန် ညှိနှိုင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁

ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင်ပါရှိသော တစ်ရက်လျှင် တည်းခို နေထိုင်စရိတ် ကျပ်နှစ်ထောင်နှင့် အခြားအသုံးစရိတ် ကျပ်သုံးထောင်ခံစားခွင့်ရှိသည်ဆိုသည့် စကားရပ် ကို တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်ငါးထောင်နှင့် အခြားအသုံးစရိတ် ကျပ်ငါးထောင် ခံစားခွင့် ရှိသည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေ ပုဒ်မ ၈ တွင်ပါရှိသော စားသောက်စရိတ်ကို တစ်ရက် လျှင် ကျပ် ငါးထောင်ခံစားခွင့် ရှိသည်ဆိုသည့် စကားရပ်ကို စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ်တစ်သောင်း ခံစားခွင့်ရှိသည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။
(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ၏ အောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည်-

၁၂-က။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄)တို့ပါ ပုဒ်မ ၉၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဆ)အတွက် အချက်အလက်ရှာဖွေခြင်းစသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်အခါ၌လည်း ဤဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့်ရှိသည်။ သို့ရာတွင် ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းပုဒ်မ ၉၊ ပုဒ်မခွဲ(ဇ) အတွက်သာ ခံစားခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။
ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။
အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။
ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) မှ ဦးခင်မောင်ရီ တင်သွင်းတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန်အဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ကျွန်မ ဒေါ်နန်းနီနီအေး ကထောက်ခံအပ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုဖို့ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝ အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေးလေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း မှ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန် ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ

လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေး စခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်နှင့် စပ်လျဥ်းတဲ့ အဆို တစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးဖေသောင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၄။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်လေ့လာသူ အဖွဲ့ဝင်များ နဲ့ အားလုံး ကာယသုခ၊ စိတ္တသုခ ချမ်းသာမှုနှစ်ဝနဲ့ ပြည့်စုံကြပါစေလို့ ပဏာမဆုမွန်ကောင်း တောင်း လိုက်ပါတယ်ခင်ဗျား။ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ကြိုတင်ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင် ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို ပြည်ထောင်စုအစိုးရအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အရေးကြီး အဆိုတစ်ရပ်အနေနဲ့ တင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သမ္မတကြီးကအစ ပြည်သူတစ်ရပ်လုံး မိဘဆွေမျိုးအဆုံး စိတ်သောက အများဆုံး စိုးရိမ်ခံစားနေရတဲ့ ဖြစ်ရပ်ဟာ မူးယစ်ဆေးဝါးအန္တရာယ်ပဲ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံမှာ မူးယစ်ဆေးဝါးကူးစက်ရောဂါဟာ လတ်တလော အာဖရိကနိုင်ငံအချို့မှာ ကူးစက်မှုမြန်ဆန်နေတဲ့ အီဘိုလာ ရောဂါကဲ့သို့ပင် ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ မူးယစ်ဆေးဝါး ကူးစက်ရောဂါကြီးကလည်း ဖွဲမီးကဲ့သို့ တစ်ငွေ့ငွေ့ တစ်ရွေ့ရွေ့ ကူးစက်လောင်ကျွမ်းနေပြီဖြစ်ပါတယ်။ ယခုအခါ မူးယစ်ဆေးဝါးကူးစက်မှုဟာ တောရောမြို့ပါမကျန် လူထုလူတန်းစား အမျိုးမျိုး၊ မျိုးဆက်သစ်ကျောင်းသားများနဲ့ ဌာနဆိုင်ရာဝန်ထမ်းများအဆုံး ကူးစက်လာနေပြီဖြစ်ပါတယ်။ ကာကွယ်တားဆီးကြဖို့ နိုင်ငံတိုင်း၊ နိုင်ငံသားတိုင်းမှာ တာဝန်ရှိနေတာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဆိုးဆိုးရွားရွားဖြစ်နေတာ မိမိနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကူးစက်ပျံ့နှံ့နေ သလို မိမိအိမ်နီးချင်းနိုင်ငံများပါမကျန် အလွန်အရုပ်ဆိုး အကျည်းတန် ဖြစ်နေသည့် အချိန်ကာလပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိအနေနှင့် လွှတ်တော်သို့ တင်ပြရခြင်းမှာ နိုင်ငံတွင်းလူငယ်များ လမ်းမှားမရောက်ရအောင် ကြိုတင်ကာကွယ်တားဆီးနိုင်ရန် စေတနာရှေ့ထားပြီးတော့မှ တင်ပြ ဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ ခေတ်အဆက်ဆက်ကလည်းပဲ တာဝန်ယူခဲ့တဲ့ အစိုးရအဖွဲ့များက မူးယစ် ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ထိရောက် သောအောင်မြင်မှုများ ရရှိရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ

လက်ထက်မှာလည်း ၁၉၉၉-၂၀၀၀ နှစ်ကနေပြီးတော့မှ ၂၀၁၃-၂၀၁၄ နှစ်အထိ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို စတင်ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါတယ်။ အဲဒီအချိန်ကာလမှာ နိုင်ငံအတွင်းမှာ စိတ်ကြွဆေးပြားနှင့် အခြားစိတ်ကိုပြောင်းလဲစေသော ဆေးဝါးအသစ်အန္တရာယ် မကြီးထွားသေးတဲ့ အချိန်ကာလဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး အတွက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းကိုသာ ဦးစားပေး ဖြေရှင်းရန် ထည့်သွင်းရေးဆွဲ ထားတာကို လည်းပဲ လေ့လာတွေ့ရှိရပါတယ်။

(၁၅)နှစ်စီမံကိန်း စတင်တဲ့ ၁၉၉၉- ၂၀၀၀ ခုနှစ်မှာ မြန်မာနိုင်ငံ အတွင်းက ဘိန်းစိုက်ပျိုးမှု (၁၀၈၇၀၀)ဟက်တာစိုက်ပျိုးတာကိုတွေ့ရပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် ရောက်လာတဲ့အခါ ဘိန်းစိုက် ပျိုးမှုဟာ (၅၇၈၀၀) ဟက်တာ စိုက်ပျိုးခဲ့တာကို တွေ့ရပါတယ်။ ထက်ဝက်နီးပါးမျှကျဆင်းခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၄၆.၉၀)လျော့ခဲ့တာကိုလည်းပဲ လေ့လာ မှတ်သားရပါတယ်။ သို့သော် ဘိန်းစိုက်မှု လျော့ချနိုင်သော်လည်း စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာဟာ ဒေသအတွင်းကြီးထွားလာတာကြောင့် မိမိနိုင်ငံမှာ စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကို ထပ်မံရင်ဆိုင် ဖြေရှင်းနေရပါတယ်။ နိုင်ငံအတွင်း လက်ရှိအနေအထားဟာ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ စိုးရိမ် ရေချိန်အမှတ်သို့ ရောက်နေပြီ ဖြစ်ပါတယ်။ အချို့ အထက်တန်းကျောင်းရှေ့မှာပင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေကြတယ်လို့ ကြားသိနေရတာဖြစ်ပါတယ်။ ဒါအတွက် အလွန်မှ စိတ်မကောင်းစရာ ဖြစ်ရပါတယ်။ နိုင်ငံတော် အနေနဲ့ကလည်း လူငယ်များအတွက် ထိထိရောက်ရောက် ယနေ့အချိန်အထိကောင်းစွာ ဆောင်ရွက် ပေးနိုင်မှု မရှိသေးတာကိုလည်း တွေ့မြင်နေရပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအထိ ဖွဲ့စည်းထားသော်လည်းပဲ တကယ့်လက်တွေ့မှာ ဘာတစ်ခုမှ မဆောင်ရွက်နိုင်တာကိုလည်းပဲ တွေ့မြင်ရပါတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ဘေးဆိုး ဖြစ်စေနိုင်တဲ့ မူးယစ်ဆေးဝါးကြီး၏ ကူးစက်ပျံ့နှံ့သွား စေနိုင်တဲ့ အန္တရာယ်ကို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် ကျွန်တော့်အနေနဲ့ ဤလွှတ်တော်ကြီးကနေ တိုက်တွန်းလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးအန္တရာယ်ကို ယခုအခါ ကမ္ဘာကြီး တစ်ခုလုံးကို ခြိမ်းခြောက်နေတဲ့ အဆိပ်အပြင်းဆုံး လက်နက်တစ်ခုလို ဖြစ်နေပါတယ်။ မူးယစ် ဆေးဝါးဟာ နိုင်ငံရေးတိုက်ပွဲတစ်ခုရဲ့ စွမ်းအားထက်တဲ့ လက်ကိုင်တုတ်တစ်မျိုးလို့ မိမိယူဆ ပါတယ်။ ဘာကြောင့် လည်းဆိုတော့ အတိတ်က တရုတ်ပြည်ကြီးမှာဖြစ်ပွားခဲ့တဲ့ ဘိန်းစစ်ပွဲ သမိုင်းစဥ်ဟာ နိုင်ငံရေးလွှမ်းမိုးမှု စစ်ပွဲတစ်ခုဖြစ်ခဲ့တယ်ဆိုတာ သင်ခန်းစာယူဖို့ လိုအပ်ပါတယ်။ ယခုအခါ မိမိနိုင်ငံ မှာ မူးယစ်ဆေးဝါး အန္တရာယ်ကို ပြည်ထောင်စုတာဝန်ရှိ အစိုးရအဖွဲ့နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင်တဲ့ မဟာဗျူဟာ နည်းဗျူဟာတစ်ရပ်အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မှ သာလျှင် နိုင်ငံအတွင်း ရဟန်းရှင်လူ မိဘပြည်သူတစ်ရပ်လုံးက စိတ်အေးချမ်းသာမှုကို ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝကို ရောက်နေ ကြသောလူငယ်များကို ဖမ်းဆီး အရေးယူ ထောင်ချ၊ အလုပ်ကြမ်းခိုင်း၊ ရဲဘက်စခန်းကိုပို့ခြင်း စသည့် လုပ်ရပ်များဖြင့် ဆောင်ရွက်ရုံဖြင့် မူးယစ်ဆေးဝါးရဲ့ အန္တရာယ်ဟာ ပျောက်ကွယ်သွားမယ်လို့ ယူဆလို့

မရပါဘူးခင်ဗျား။ ဒီလိုလုပ်ဆောင်ခြင်းဖြင့် မူးယစ်လူငယ်များဟာ ပိုပြီးဘဝဆုံးရှုံးသွားနိုင်မယ့်လမ်းပဲ များပါတယ်။ နိုင်ငံနဲ့လူမျိုးအတွက်လည်း ဒီလူငယ်များ အကျိုးရှိစေတော့မှာ မဟုတ်ပါဘူး။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြု တင်ပြလိုတာက ယနေ့ကျွန်တော်တို့နိုင်ငံမှာ တစ်နိုင်ငံလုံး နေရာအနှံ့ဆိုသလို ကူးစက်ပျံ့နှံ့ပြီး မူးယစ်ဆေးစွဲလူငယ်များကို ဖမ်းဆီး၊ အရေးယူ၊ ထောင်ချ၊ ရဲဘက်ပို့၊ အလုပ်ကြမ်းခိုင်းမယ့်အစား မြို့နယ်တိုင်းမှာ မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး ပညာပေး၊ လေ့ကျင့်ပေးတဲ့ စခန်းကြီးများကို စနစ်တကျ အစီအမံများဖြင့် ဖွင့်လှစ်ပြီးဆောင်ရွက်ပေးနိုင်မည်ဆိုပါက လူငယ်များ ဘဝ အမှန်တကယ်လမ်းကြောင်းအမှန်ပေါ်သို့ မလွဲဧကန် လျှောက်လှမ်းလာနိုင်မယ်လို့ ယူဆပါတယ်။ ယခုကျွန်တော်တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအနေနဲ့ အလေးအနက် စဉ်းစားပေးစေ လိုပါတယ်။ ကျွန်တော့်အနေနဲ့ မိချောင်းမင်းရေကင်းပြ သဘောမျိုးမဟုတ်ပါဘူး။ စေတနာနဲ့ အကြံပြုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း အလေးထားဆောင်ရွက်လျက် ရှိတာကို တွေ့မြင်ရပါတယ်။ မူးယစ်ဆေးဝါး ကာကွယ်တိုက်ဖျက်ရေးအတွက် မိမိလက်ရှိအစိုးရသစ် အနေနဲ့ ကလည်း ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်ကစပြီး မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကို ပြည်ထောင်စုဌာနကြီး (၁၉)ခုဖြင့် ခိုင်မာစွာ ပြင်ဆင် ဖွဲ့စည်း ထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါလေးကို Power point လေးနဲ့ နည်းနည်းထိုးပြချင်ပါတယ်။ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကို အဲဒီလို ဗဟိုအဖွဲ့အစည်း၊ ဗဟိုအဖွဲ့ကို ကျွန်တော်တို့ အခုအစိုးရသစ်မှာ ၂၀၁၁ ခုနှစ် ကနေပြီးတော့မှ (၁၉)ဌာန ထားပြီးတော့မှ ဖွဲ့စည်းခဲ့ပါတယ်။ နောက် ကျွန်တော်တို့ ဒီဗဟိုအဖွဲ့အစည်း ကနေပြီးတော့မှ ၁၉၉၃ ခု မူးယစ် ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးဆိုင်ရာ ဥပဒေ အခန်း(၄)၊ ပုဒ်မ ၇ အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာ အဖွဲ့(၁၀)ဖွဲ့ကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ (၁၉)ဌာန၊ အဲဒီမှာ ပထမ (၁၃)ဖွဲ့ကို (၁၀)ဖွဲ့အနေနဲ့ ၂၀၁၂ ခု အဲဒီမှာ အမိန့်ကြော်ငြာစာ ၁/၂၀၁၂ဖြင့် အဲဒါကို (၁၀)ဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ(၁၀)ဖွဲ့မှာ တားဆီးနှိမ်နင်းရေးနဲ့ စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေး အဖွဲ့၊ ဆေးကုသရေး အဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာ ပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့၊ ထိန်းချုပ် ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့ စသည့်(၁၀)ဖွဲ့ကို ကျစ်လျစ်စွာ ဖွဲ့စည်းထားပါတယ်။

အဲဒီဖွဲ့စည်းထားတဲ့အဖွဲ့နဲ့အတူ ကျွန်တော်တို့ လုပ်ငန်းတာဝန်(၁၁)ရပ်ကိုလည်းပဲ ဆက်လက် ပြီးတော့မှ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ လုပ်ငန်းတာဝန် တစ်ရပ်အနေနဲ့ ပေးထားတဲ့ (၁၁)ချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဒီယခုတင်ပြ ဆွေးနွေးတဲ့ မူးယစ်ဆေးဝါးလူငယ်များကို လတ်တလောမြို့နယ်မှာ မူးယစ်စခန်း ဖွင့်ပြီးတော့မှ တိုက်တွန်းတဲ့ အနေအထားမျိုးပဲ ဖြစ်ပါတယ်။ အခု ကာကွယ်တားဆီးရေးအဖွဲ့ ဖွဲ့စည်းထားတဲ့ (၁၀)ဖွဲ့အနက်မှာ မြို့နယ်မှာ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော် (High Light)ကလေးပြထားတဲ့ (၄)ဖွဲ့

ကိုတော့ ဒါဟာအင်မတန်မှ ဆောင်ရွက်ဖို့လိုပါတယ်။ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များ အသိပညာပေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ ဒီ(၄)ဖွဲ့ကိုကတော့ အခုကျွန်တော် တင်ပြတဲ့မြို့နယ်တွေမှာ ဒါကို အဓိကထားပြီးတော့မှ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကျန်တဲ့ (၆)ဖွဲ့ ကတော့ လုပ်ငန်းအရ အလွန်ကျယ်ပြန့်တဲ့အတွက်ကြောင့်မို့ ဒါဟာ နိုင်ငံတော်ကနေပြီးတော့မှ စီမံကိန်းကို (Program)ဆွဲပြီးတော့မှ အချိန်ပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလူငယ်များကို အဲဒီလို စခန်းသွင်းပြီဆိုရင် တစ်ဖက်ကလည်းပဲ တစ်ပြေးညီ ဆောင်ရွက်ဖို့တော့ လိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး(၁၅)နှစ်စီမံကိန်း ပြီးမြောက်ခဲ့သော်လည်း နိုင်ငံအတွင်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ယခင် ၂၀၁၂-၂၀၁၃ ထက်ပိုပြီးတော့မှ ဂရပ်မျဉ်းကြောင်း မြင့်တက်လာတာကို တွေ့မြင်ရသလို နိုင်ငံ တော်သတင်းစာထဲမှာလည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး တာဝန်ရှိဌာနများ ဖမ်းဆီးအရေးယူမှုများ ကလည်း နေ့စဉ်ဆိုသလို မြင်တွေ့နေရပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ ပိုပိုလာသလို မြင်တွေ့ရ ပါတယ်။ အဲဒီဂရပ်မျဉ်းကို ကြည့်လိုက်ခြင်းအားဖြင့် ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ ပြန်တက်သွား ပါတယ်။ ၂၀၁၃ အထိဟာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အနေနဲ့ ၂၀၁၄-၂၀၁၅ ကနေပြီးတော့မှ ၂၀၁၈-၂၀၁၉ နှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၅)နှစ်စီမံကိန်းကို ထပ်မံပြီးတော့မှ အခုပြန်လည် ပြီးတော့ ချထားပြန်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အောက်ရှိ (၁၀)ဖွဲ့ဟာ မြို့နယ်တိုင်းမှာ မူးယစ်လေ့ကျင့်ရေးပညာပေး ဖွင့်ပြီးတော့မှ ၊ ခုနက ကျွန်တော် (High Light) ပြတဲ့ (၄)ဖွဲ့ကို ထားသလို ကျန်တဲ့အဖွဲ့များကလည်း တောင်ပေါ်ဒေသ တိုင်းရင်းသားအားလုံး ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် တစ်ဆက်တစ်စပ်တည်း လုပ်ငန်း များကို အမြန် အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် (၅)နှစ်ကာလဆိုတဲ့ စီမံကိန်းမှာ အောင်မြင်တိုးတက်မှုနှုန်းကို တွေ့မြင်ရမှုဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁၅)နှစ်စီမံကိန်းကာလ လွန်မြောက်ခဲ့ သော်လည်း မူးယစ်ဆေးဝါး အန္တရာယ်ဟာ တိုင်းပြည်မှာ လျော့သွားရတာထက် ပိုလာရခြင်းဟာ စီမံကိန်းအစီအမံ ဘယ်လောက်ပင် ပြည့်စုံနေသော်လည်း တကယ့်လက်တွေ့နယ်ပယ်မှာ လုပ်ဆောင် မှုတွေက အလွန်အားနည်းခဲ့တဲ့ အတွက်ကြောင့်မို့ ဖြစ်ပါတယ်။

ယခုနှစ်တို(၅)နှစ် စီမံကိန်းကလည်းပဲ ပြည်သူလူထုဗဟိုပြုပြီး ဘက်စုံထောင့်စုံကနေပြီး တောင်ပေါ်မြေပြန့် တိုင်းရင်းသားမကျန် ပြည်သူ့စည်းရုံးရေးလှုပ်ရှားမှုအား နိုင်ငံတော်မှငွေအားပါ ပေါင်းစပ်ပြီးတော့မှ စနစ်တကျဆောင်ရွက်သွားနိုင်မှသာ ထိရောက် အောင်မြင်နိုင်မယ်လို့ ယူဆ ပါကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ အခြေအနေအကြောင်း အမျိုးမျိုးကြောင့် လမ်းမပေါ် လမ်းလျှောက်နေသော မူးယစ်ကျေးကျွန်လူငယ်များကို စနစ်တကျ ပြုစုပျိုးထောင် ပညာပေးလိုက်ခြင်းအားဖြင့် ဒီလူငယ်များဟာ တိုင်းပြည်အတွက် အဖိုးတန်တဲ့ရတနာ သားကောင်း များ ဘဝကိုရောက်ရှိလာမှာ အမှန်ပဲဖြစ်ပါတယ်။ ဒီလူငယ်မျိုးဆက်သစ်တွေဟာ စောစီးစွာ နောင်တ တရားရပြီးတော့မှ အခုလိုပညာပေး ပြုစုပျိုးထောင်ခြင်းကြောင့် တစ်နေ့တိုင်းပြည်၏ ကာကွယ်ရေး သားကောင်းများ၊ အစိုးရဌာနဝန်ထမ်းကောင်းများ၊ တိုင်းပြည်အတွက် အားကစားသမားကောင်းများ၊

နိုင်ငံရဲ့ လယ်သမား၊ အလုပ်သမားကောင်းများ ဖြစ်လာသလို နောက်ဆုံး ဆွေမျိုးမိဘ ညီအစ်ကို မောင်နှမသားချင်းအတွက် အထောက်အကူပြုလာနိုင်မယ့် သားကောင်းရတနာများ ဧကန် ဖြစ်လာကြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လူနဲ့ လူ့ပတ်ဝန်းကျင် အသိုင်းအဝန်းမှာ အတွေ့အကြုံအလွန် နည်းပါးတဲ့ မူးယစ်စွဲကပ်လူငယ်များကို ဖမ်းဆီးပြီးထောင်ချ အလုပ်ကြမ်းပေး၊ ပညာပေးတဲ့စနစ်ဟာ လူမှုဘဝဝန်းကျင်ရဲ့ မကောင်းဟူသော ဒုစရိုက်ဘဝ အတွေ့အကြုံများ ရင့်ကျက်စေဖို့ ထောင်သွင်းပြီးပညာသင်ခိုင်းသလိုများ ဖြစ်လာမလားလို့ မိမိအနေနဲ့ စိုးရိမ်စွာ အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ မူးယစ်ကင်းစင် ကာကွယ်ရေးအတွက် လူငယ်များကို ထောင်ပို့ပညာပေးစနစ်မျိုးကို မလုပ်သင့်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ပထမ သိမ်းသွင်းပြီး ပညာပေးပြုစုတဲ့ စနစ်သာလုပ်သင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိအနေနဲ့ ထပ်မံအကြံပြုရမယ့် အချက်(၉)ချက်ရှိပါတယ်။ (၁) မူးယစ်စွဲလူငယ်များကို မူးယစ်ကင်းစင် ပညာပေးစခန်းတွင် ကောင်းစွာပြုစုပျိုးထောင်ဖို့လိုအပ်ခြင်း၊ (၂) လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ⊞တ ဘောဂဗလ (၅)တန်ပညာမာန်ကို ကောင်းစွာကြိုးစားကျင့်ကြံ ဆောင်ရွက်တတ်စေရန် ပညာပေးဟောပြောခြင်းများ လုပ်ပေးရန်လိုအပ်ခြင်း၊ နိုင်ငံတော်တွင် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလငါးတန်ဖွံ့ဖြိုး တိုးတက်ရေး အတွက် ဆောင်ရွက် ပေးရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ မှာလည်း အတိအလင်း ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။

(၃) မူးယစ်ဆေးသုံးစွဲနေကြသော လူငယ်များသည် မူးယစ်ကင်းစင်ပညာပေး လေ့ကျင့်ရေး စခန်းကို အားကိုးအားထားပြုချင်စိတ်များရှိလာပြီး နောက်ဆုံးမိမိသဘော ဆန္ဒအတိုင်း လာရောက်လိုသော စိတ်ဓာတ်များရှိလာစေရန် စည်းရုံးဆောင်ရွက်ဖို့လိုအပ်ခြင်း၊ (၄) ထိုပညာပေး လေ့ကျင့်ရေး စခန်းမှာ လူငယ်များအတွက် ကာယလေ့ကျင့်ရေးများကို ပြည့်ဝစေရန် ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ (၅) မူးယစ်ကင်းစင်ပညာရေးလေ့ကျင့်ရေးတွင် တာဝန်အသီးသီးပါဝင်ဆောင်ရွက်ပေးကြမယ့် ပြည်သူ့ ဗဟိုပြုအဖွဲ့အစည်း နဲ့ တာဝန်ရှိဌာနအသီးသီးရှိ ပုဂ္ဂိုလ်များ၊ INGO၊ NGO အဖွဲ့အစည်းများ စိတ်ရှည်သည်းခံတတ်ပေးပြီးတော့မှ ပညာပေးပြုစုပျိုးထောင်ပေးဖို့တော့ အဓိက လိုအပ်ပါတယ်။ (၆) ပြည်ထောင်စုအစိုးရသည် အခုလိုမျိုး စီမံကိန်းအတွက်နည်းပညာပံ့ပိုးခြင်း၊ ပညာပေးလေ့ကျင့်ရေး ကာလအတွင်း ပြုစုရန်စရိတ်ငွေများ ထုတ်ပေးခြင်း၊ စနစ်တကျဖြင့် ငွေများ အသုံးပြုနိုင်ရန် စည်းကမ်းသတ်မှတ်ခြင်း၊ လုပ်ပေးရန်လိုအပ်ခြင်း၊ (၇) တာဝန်ယူဆောင်ရွက်ရမည့် ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးမှပုဂ္ဂိုလ်များအားလုံး လုပ်ငန်းအပေါ်ပွင့်လင်းမြင်သာမှု ရှိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိစေရန်လိုအပ်ခြင်း၊(၈) စီမံချက်များဆောင်ရွက်တဲ့အခါ အဓိက မူးယစ်ဆေးဝါး ရောင်းသူ လက်လီလက်ကားအသေးအမွှားအဆင့်အထိ ဖြန့်ဖြူးသူအဆုံး ထိထိရောက်ရောက် ဖော်ဆောင်အရေးယူရန်လည်းလိုအပ်ခြင်း၊ (၉) အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော် အတွင်း မူးယစ်ဆေးဝါးကင်းစင် ပပျောက်ရေးဆောင်ရွက်ရန်မှာ (က) မူးယစ်ဆေးဝါးရောင်းသူများကို ဖော်ထုတ်ပေးကြသူများ၊ (ခ) မူးယစ်ဆေးဝါးရောင်းဝယ်သူများကိုဖမ်းဆီးပေးကြသူများ၊ (ဂ) မူးယစ်

ဆေးဝါးရောင်းသူများကို တရားစီရင်ဆုံးဖြတ်ပေးကြသူများ အားလုံးဟာတိုင်းပြည်ချစ်စိတ်ဓာတ်ဖြင့် တိုင်းပြည် နှင့် ပြည်သူအပေါ် မွန်မြတ်သော စိတ်ကောင်းစေတနာထား ဆောင်ရွက်ရန်လိုအပ်တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ်တင်ပြဆွေးနွေးလိုတာ ယနေ့ ကျွန်ုပ်တို့ နိုင်ငံအတွင်းမှာ နေရာတကာအနှံ့ဆိုသလို မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူကြီး၊ လူငယ်၊ လူတန်းစား အမျိုးမျိုးဟာ ကူးစက်နေပြီဖြစ်ပါတယ်။ ၎င်းမူးယစ်ဆေးဝါးများဟာ စိတ်ကိုပြောင်းလဲစေပြီး ဆေးများ အဆက်မပြတ်မသုံးစွဲရပါက ခိုးခြင်း၊ လုခြင်း နောက်ဆုံးမိသားစုတစ်ခုလုံးကိုဒုက္ခပေးလာတတ် ခြင်း အပြင် ကိုယ့်မိဘများကိုပင် အန္တရာယ်ပေးလာတတ်ခြင်းဖြစ်ပါတယ်။ ယခုအခါ တစ်နိုင်ငံလုံးသို့ ကူးစက်ပြန့်နှံ့နေတဲ့မူးယစ်ဆေးဝါး ကာကွယ်တိုက်ဖျက်ရေးကို ဦးစွာပထမ မူးယစ်ဆေးဝါးသုံး လူငယ် များကို စည်းရုံးသိမ်းသွင်းခြင်း၊ နောက်တစ်ဆင့်ဖမ်းဆီးသိမ်းသွင်းခြင်း အဆင့်ဆင့်နဲ့ ဆေးဝါးကုသ ခံယူစေပြီး စခန်းသွင်းလေ့ကျင့်ပညာပေးပျိုးထောင်တဲ့လုပ်ငန်းကို အဓိကလုပ်ဆောင်ပေးဖို့ လိုအပ် ပါတယ်။

အဲဒီလိုလူငယ်ဘဝကို မြှင့်တင်လုပ်ဆောင်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့နိုင်ငံအတွက် ရလာဒ် ကောင်းတစ်ခုဖြစ်မှာသေချာပါတယ်။ ဒါအတွက်ကြောင့်မို့ အဲဒီလိုဆောင်ရွက်တဲ့ကာလအတွင်းမှာ အများပြည်သူနဲ့ ပူးပေါင်းပါဝင်သော မူးယစ်ဆေးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းကို ဦးစွာ လက်လီ လက်ကား အသေးအဖွဲ့ရောင်းချသူ၊ လမ်းပေါ်၊ အိမ်ပေါ်၊ ကျောင်းပေါ်အထိ ဖြန့်ဝေ ရောင်းသူအဆုံး ထိထိရောက်ရောက် အရေးယူဖို့လိုအပ်ပါတယ်ခင်ဗျား။ နောက်ဆုံးအနေနဲ့ ပြည်သူများတင်ပြချက်ကို ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်ကို တင်ပြခွင့်ပြုပေးပါ။ ပြည်သူများကနေ ကျွန်တော်တို့ နယ်မြေဆင်းတဲ့ အခါ အဓိကမေးခွန်းဟာ အဲဒီမေးခွန်းပဲဖြစ်ပါတယ်။ ဟာ လွှတ်တော် ကိုယ်စားလှယ်ကြီးများ။ ခင်ဗျားတို့ မူးယစ်ဆေးနဲ့ ပတ်သက်ပြီးတော့မှ မကာကွယ်ပေးနိုင်တော့ဘူးလား။ ခဏခဏ ပြောပါတယ်။ အဲဒီတော့ ဒီနေ့မူးယစ်ဆေးဝါး ဘာဖြစ်လို့ကျွန်တော်တို့နိုင်ငံမှာ တစ်နေ့ထက်တစ်နေ့ များပြားလာတယ်။ ဥပမာ ကျွန်တော်တို့ ဒေသအရပ်တွေမှာဆိုရင် ဒီမှာ တင်ပြတဲ့လူတွေ ဈေးထဲမှာ ဗန်းခင်းပြီး မရောင်းတာကလွဲရင် ခွင့်ပြုထားသလိုဖြစ်နေတယ်။

အဲဒါလေးတွေကို ခင်ဗျားတို့ ပြည်ထောင်စုလွှတ်တော်က အကာအကွယ်မပေးနိုင်ဘူးလား ဆိုပြီးတော့မှ ဒီလိုတွေပြောပါတယ်။ ကျွန်တော်ကတော့ ပြန်ရှင်းပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ကျွန်တော်တို့မှာ ဥပဒေပြုတဲ့အာဏာပဲရပါတယ်။ ကျွန်တော်တို့က ဒီဟာ တိုက်ရိုက်ဝင်စွက်ပြီးတော့မှ ကျွန်တော်တို့က လုပ်ပိုင်ခွင့်မရှိပါဘူး။ အဲဒါသက်ဆိုင်ရာ အုပ်ချုပ်ရေးများ၊ တရားစီရင်ရေးအဖွဲ့များရဲ့ လုပ်ငန်းဖြစ်ပါတယ်။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ ကျွန်တော်တို့ နိုင်ငံမှာက တရားရေးမဏ္ဍိုင်ရယ်၊ အုပ်ချုပ်ရေးမဏ္ဍိုင်ရယ်၊ ဥပဒေပြုမဏ္ဍိုင်ရယ် ဒီ မဏ္ဍိုင်(၃)ခုနဲ့ထိန်းကျောင်းပြီးတော့မှလုပ်ရတဲ့အလုပ်ဟာ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်တွေ အနေနဲ့က တိုက်ရိုက်ကြီးတော့ ဝင်လို့မရပါဘူးလို့ ပြောတဲ့အခါ ဒါက check and balance လုပ်ရုံပါ။ အဲဒီတော့ ဘာပြောခဲ့လဲဆိုတော့ ဟာ ခင်ဗျားတို့က check and balance တော့ မဟုတ်ဘူးဗျာတဲ့၊ challenge မျိုး ဖြစ်နေတာဟာ မဟုတ်ပါဘူးခင်ဗျား။ challenge ဖြစ်နေတာ မဟုတ်ပါဘူး check and balance ပါ။

မဟုတ်ဘူးလေဗျာတဲ့။ ကျွန်တော်သာခဏတစ်ခုပြမယ်တဲ့ ခင်ဗျားတို့အခုလွှတ်တော်စတော့ ကျွန်တော်တို့ကျောင်းတွေဗျာ ခင်ဗျားတို့တင်တယ်၊ ဆေးရုံတွေတင်တယ် အဆောက်အအုံ မကောင်းတာတွေ တင်တယ်။ ဒီနေ့အထိ ဘာလာလုပ်ပေးသလဲတဲ့။ ခင်ဗျားတို့တင်တော့တင်တာ ကျွန်တော်တို့တော့ တွေ့ရတာပဲတဲ့ ဖန်သားပြင်မှာ။ ဒါကတော့ဗျာလို့ သူတို့မလာလုပ်တာတော့ သူ့အပိုင်းပေါ့ တင်ပေးတဲ့ အပိုင်းကတော့ ကျွန်တော်တို့အပိုင်းပေါ့လို့ အဲဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ပြောချင်တာက ဒီလိုပါ။ အဲဒီမှာ ကျွန်တော်တို့ တွေ့ရတဲ့အခါ စာစောင်တစ်ခုတည်းမှာက တိတိကျကျ တင်ဖို့လိုပါတယ်ဆိုပြီးတော့မှ တာဝန်ရှိပုဂ္ဂိုလ်ကြီးတစ်ဦးက နေပြီးတော့မှ ထောက်ပြတာကို ကျွန်တော်တို့ ဖတ်ရပါတယ်တဲ့။ ဟာ ဒါကတော့ သူတို့အပိုင်းပေါ့ဗျာတဲ့။ အဲဒါကြောင့်မို့ ကျွန်တော်ဆိုလိုတာပေါ့ ခင်ဗျားတို့ဟာက challenge လိုဖြစ်နေကြတယ်ဆိုပြီးတော့မှ ပြည်သူကတော့ ဒီလိုဝေဖန်တာပေါ့။ သို့သော်လည်းပဲ ခင်ဗျားတို့ လွှတ်တော်ကိုယ်စားလှယ်တွေ ကိုတော့ ကျွန်တော်လေးစားပါတယ်တဲ့ ဘာပဲဖြစ်ဖြစ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အတွက် လိုအပ်ချက်တွေကို တင်ပြတာကတော့။ ကျွန်တော်က ကောင်းပါပြီ၊ ခင်ဗျားတို့ပြည်သူကနေ ဒီလို လွှတ်တော်အပေါ်မှာ ဒီလိုမြင်ပေးခဲ့တာပဲ ကျေးဇူးတင်လှပါပြီ ဆိုပြီးမှ ကျေးဇူးတင်စကား ကျွန်တော်က ပြောရပါသေးတယ်ခင်ဗျ။ နောက်တစ်ခု ကျွန်တော်ကတော့ ပြောလိုက်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဘဝလည်း ခင်ဗျားတို့ သနားစရာ ကောင်းပါတယ်။

ခင်ဗျားတို့ကြည့်ပါအုံး၊ ကျွန်တော်ဆိုရင်ဗျာ ဟိုတစ်ချိန်တုန်းက အင်းတော်ကြီးကန်ကြီးကို ကောမဲ့ကိစ္စကို တင်တယ်လွှတ်တော်မှာ။ နောက်ဆုံးကျတော့ တောင်သူတွေကလက်မှတ်ထိုးပြီးတော့ တင်တယ်။ ချောင်းတွေ၊ မြောင်းတွေပျက်လို့ ကျွန်တော် သမ္မတရုံးကိုတင်တဲ့အချိန်မှာ နောက်ဆုံးကျတော့ အခု ပြည်သူကနေဘာကြားလဲဆိုတော့ သက်ဆိုင်ရာမြို့နယ်အဆင့်ရှိတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးက နေပြီးတော့မှ အကြီးဆုံးပုဂ္ဂိုလ်ကြီးတစ်ဦးက အဲဒီ လွှတ်တော်ကိုယ်စားလှယ်လာရင် ခင်ဗျားတို့ ကားနဲ့သာ တိုက်ပစ်လိုက်လို့ ပြောတယ်တဲ့။ အဲဒီကားနဲ့ တိုက်လိုက်ရင် ဒီအမှုက နည်းနည်းပေါ့တယ်ပေါ့ဗျာ။ အဲဒီလိုတောင်ဆိုတဲ့အနေအထားမျိုးဆိုတော့ ကျွန်တော်ကတော့ပြောပါတယ်။ ဒါကတော့ ဗျာ။ ပြည်သူဆိုတာကတော့ဝေဖန်မှာပဲ။ ကျွန်တော်တို့ကလည်း လွှတ်တော်ကိုယ်စားလှယ် ဆိုတာကလည်း ခင်ဗျားတို့ တင်ခဲ့တဲ့ ကိုယ်စားလှယ်တွေပါ။

ကျွန်တော်တို့ရဲ့တာဝန်က ပြည်သူရဲ့ အကျိုးစီးပွားလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ကျွန်တော်တို့ လွှတ်တော်ရဲ့နိုင်ငံရေးတာဝန်ဟာဒါပဲ ကျွန်တော်တို့၊ ခင်ဗျားတို့အတွက်ပါ။ စစ်သားက သေနတ်မကြောက်လို့စစ်ထဲဝင်တာပဲ။ ကျွန်တော်တို့နိုင်ငံရေးသမားကလည်းပဲ ပြည်သူတွေ ဝေဖန်ရှုံ့ချခြိမ်းခြောက်မှာကိုတော့ ကျွန်တော်တို့က ဒီလောက်ကတော့ ထည့်မတွက်ပါဘူးလို့ ဆိုပြီးတော့ ကျွန်တော်က ရှင်းပြပါတယ်။ အဲဒါ.............

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ မူးယစ်ဆေးဝါးလျှော့မှာ ထက်ကို တစ်နှစ်ပြီးတစ်နှစ်တိုးလာတဲ့အဖြေဟာတဲ့ ခင်ဗျားတို့လွှတ်တော်တွေ၊ ပြည်ထောင်စု အစိုးရတွေကတော့ အဖြေရလား မရလားတော့ မသိဘူး။ ကျွန်တော်တို့ပြည်သူကတော့ ဒီအဖြေဟာ ထွက်ပြီးပြီတဲ့၊ ဟာဒီအဖြေဟာထွက်ပြီးရင်လည်း ခင်ဗျားတို့အကြံဉာဏ်ပြုပေါ့ဗျာလို့ ကျွန်တော်ကတော့

ပြောတယ်။ အဖြေကလွယ်လွယ်လေးပါ။ ဦးဖေသောင်းတဲ့ ခင်ဗျား ဘာကိန်းဂဏန်းမှ တွက်မနေနဲ့တဲ့။ ကျွန်တော်တို့ မူလတန်းတုန်းက သင်ခဲ့တဲ့ ပေါက်ပင်---------

**ဥက္ကဋ္ဌ**။ ။ ရပြီ၊ ရပြီ။ ရပြီ။ ထိုင်တော့။ ဂျာနယ်ထဲက ဆွေးနွေးခန်းဖတ်နေရသလိုပဲ။ အပြန်အလှန် ဆွေးနွေးတာနဲ့တင် အချိန်ကကျော်သွားပြီ။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးဖေသောင်း၏မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝ အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍မြို့နယ်အတွင်းတွင် လူငယ်များလမ်းမှားပေါ်မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းစံမင်းမှ ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးဖေသောင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ် ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဖေသောင်း ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးဖေသောင်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက် နေ့ကို ၁၁း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]